
စိတ်ကူးချိုချိုအနုပညာ

# သာဓု လှုဂါးဝဝယ်

ပြန်လည်ရိုက်နှိပ်ခြင်း



mgyoe.com

မဟုတ်မှုခံစိတ်ရှိသူဟာ
ရှန့်သူပေါ့တယ်......။
မှန်ရာကို ဒဲ့ဒိုးပြောလို့
အမုန်းခံရတယ် ဆိုရင်
အဲဒါ.................
သာဓုအဖို့ အရသာဘဲ။

UTD0003
2,500.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - မှတ်သုန်၊ အတွင်း - ဆန်နီညိမ်း၏ပန်းပု(ဓာတ်ပုံ-ညောင်ဦးဖိုးချို)
၂၀၁၅၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀
၁၉၇၆ ဩဂုတ်လ စာသဘင်စာအုပ်တိုက်၏ ပထမအကြိမ်မူ၊
ရောင်းဈေး | ၂၅၀၀ ကျပ်

သာခုလှူဝါးဝတယ်
သာခု - နေ့ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅၊
စာမျက်နှာ ၂၆၄၊ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၈.၅ စင်တီ
(၁) သာခုလှူဝါးဝတယ်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သာဓုလှူဝါးဝတယ်

[illegible]

mgyoe.com

mgyoe.com

ဟစ်ချိန်က မိမိကိုယ်မိမိ အထင်သေးခဲ့၏။

တစ်ချိန်တွင် မိမိကိုယ်မိမိ အထင်ကြီးမိပြန်၏။

ယခု -

ဤစာအုပ်ကို ရေးဖြစ်လာသော အခါတွင်ကား. . .

mgyoe.com

mgyoe.com

"ကျုပ်တို့နဲ့ ခင်ဗျားတို့နဲ့ အတူတူပါပဲ။ ကိုယ့်စည်းကိုယ့်ကမ်းနဲ့ ပြောစရာရှိ လာပြောပါ၊ တိုင်စရာ လာတိုင်ပါ၊ တောင်းစရာရှိတာ တောင်းပါ၊ အချင်းချင်း သဘောမျိုး ဆက်ဆံကြပါ၊ တစ်ဦးနဲ့တစ်ဦး ကြီးကျယ်နေစရာ လူတွေ မဟုတ်ပါဘူး။"

ဗိုလ်ချုပ်အောင်ဆန်း

(ဖဆပလ – ယာယီအမှုဆောင်အစိုးရအဖွဲ့ ခေါင်းဆောင်အနေဖြင့် ဘိလပ်အစိုးရ၏ 'စက္ကူဖြူစီမံကိန်း' ကန့်ကွက်ဆန္ဒပြပွဲမိန့်ခွန်းမှ) ၁၉–၉–၄၆။

mgyoe.com

mgyoe.com

"ပြင်စရာလိုရင် မြန်မြန်ပြင်နိုင်ရင် မြန်မြန်အကောင်းဆုံးပဲ၊ တိုင်းပြည်ကို အကျိုးအရှိဆုံးပဲ။ အဲဒါကြောင့်မို့လို့ ဒါကို လူထုကလည်း ပါဝင်ကြပါ။ ပြင်စရာ ပြုစရာရှိရင်လည်းပဲ လူထုရော၊ ပါတီရော၊ တိုင်းသူပြည်သား မှန်သမျှ အားလုံးဟာပေါ့လေ၊ ဒါ–ပြင်စရာကိုလည်း ထောက်ပြကြပါ။

ဗိုလ်ချုပ်ကြီးနေဝင်း

(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေး အဖွင့်မိန့်ခွန်းမှ) ၁၆–၃–၇၂။

mgyoe.com

mgyoe.com

ကြိုတင်၍ ...
တောင်းပန်လိုသည်မှာ...

ဤစာစုကို သာမှ ရေးသားမည်... ဟု ထိုင်လိုက်စဉ်က ဘဝအကွေ့ကွေ့တွင် တွေ့ရ၊ ကြုံရ "လူဝါးဝ" ခဲ့သည်တို့ကို သာမှ အသက်အရွယ်အလိုက် အဆင့်ဆင့် အစီစီ သီကုံးရေးသားရန် ရည်ရွယ်ရင်း ရှိခဲ့၏။

သို့... အစဉ်အတိုင်းရေးလျှင် တွေးရမည်၊ တွေး၍ ရေးနေလျှင် ကြာမည်။ ကြာသည်လည်းမကောင်း၊ အကြောင်းအရာချင်း ထပ်နေပြန်သော် ဖတ်ရသူ ငြီးငွေ့မည်။ ဤသည်လည်း မကောင်း၊ ယင်းသို့သော အကြောင်းကြောင်းတို့ကြောင့်...

mgyoe.com

mgyoe.com

# မာတိကာ


၁။ တစ်လအတွင်း ကောင်းစွာနေ ၁

၂။ ရွှေအိုး ၆

၃။ အာဇာနည်သူရဲကောင်းတဲ့ ၁၁

၄။ သခင်လွင် ၁၈

၅။ ဝက်အူလှည့် ရွေးကောက်ပွဲ ၂၈

၆။ ဂျာမနီအင်ဂျင်နီယာ ၄၃

၇။ ခဏခဏလာမှာလား ၅၃

၈။ ခင်ဗျား လူဝါးဝမှာစိုးလို့ ၆၀

၉။ အစိုးရကိစ္စ စာအိတ် လှလှလေး ၇၀

၁၀။ ဟဲ့-နှင့်အိပ်မက်ကလည်း လူဝါးဝလှချည်လား ၇၅

၁၁။ အလုပ်နှင့် လူဝါးဝလျှင် ၈၄

၁၂။ သာဓု ထွက်တယ် ၉၁


mgyoe.com

mgyoe.com

၁၃။ ဟံသာဝတီသတင်းစာ သာခု တရားစွဲမည် ၉၈
၁၄။ ခေဘိုထိုင် ၁၀၃
၁၅။ ဒီ-အယ်လ်-အို ၁၀၈
၁၆။ လက်နှိပ်ဓာတ်မီးအဖြူ ၁၁၉
၁၇။ သုမောင်မွေးစဉ်က ၁၂၅
၁၈။ ဆိုင်၏-မဆိုင်၏ ၁၃၀
၁၉။ သတ်သတ်နှင့် တစ်ခြားစီ ၁၃၄
၂၀။ ဝန်ကြီးကား ၁၄၆
၂၁။ အယုံအကြည်မရှိ ၁၄၉
၂၂။ တစ်ယောက် တစ်ပုလင်း ၁၅၃
၂၃။ တပ်ကြပ်ကြီးဟောင်း ၁၅၆
၂၄။ ဒေါက်တာကျော်ငြိမ်း ၁၅၉
၂၅။ အိုင်ကမ်း၊ ယူဂိုး၊ ရက်(စ်)နိုး ၁၆၃
၂၆။ ရွာအမှု ဘုန်းကြီးပတ်သလို ၁၇၀
၂၇။ အရေးမကြီးရဘူးလား ၁၇၇
၂၈။ နင့်နှမ-နင့်အစ်ကို ၁၈၀
၂၉။ ဓားမဦးထုပ် ၁၈၃
၃၀။ ရိုးကုမ္ပဏီ ၁၉၀
၃၁။ အရသာချင်းမတူဘူးလေး ၁၉၆
၃၂။ ဂဠုန်ဦးစော ၂၀၃

mgyoe.com

mgyoe.com

၃၃။ သနားလို့ ၂၁၅
၃၄။ ကိုယ့်ကိစ္စသူ့အရေး ၂၁၈
၃၅။ လူသည်ကား-လူ ၂၂၅
၃၆။ မကြောက်တရား ၂၃၃
၃၇။ ငါနှင့်ငါသာ နှိုင်းစရာတည့် ၂၄၁
၃၈။ သူတို့သိပါတယ် ၂၄၆
၃၉။ ဝန်ကြီးတစ်မတ် ၂၅၇

■

mgyoe.com

·mgyoe.com



# တစ်လအတွင်းကောင်းစွာနေ

သာစုတို့ငယ်စဉ် သူ့ကျွန်ဘဝက စက်ဘီးစီးရသည်ပင်မလွတ်လပ်၊ လမ်းလယ်မှစီးလျှင် ဖမ်းသည်။ နယ်ချဲ့သမား အုပ်ချုပ်သူတို့ အကြောင်းပြချက်မှာ စက်ဘီးမှာ အနှေးယာဉ်ဖြစ်၍ လမ်းလယ်မှစီးလျှင် နောက်မှလာသော မော်တော်ကား၊ ဓာက်ရထားများအဖို့ အနှောင့်အယှက်ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် လမ်းဘေးကို ကပ်၍စီးရသည်။ (ကိုယ်လည်း အန္တရာယ်ကင်းသည်ဟု ပြောသည်။)

နောက်ပိုင်းကယ်ရီယာ ကုန်ပစ္စည်း အသေးအမွှားတင်သည့်ခုံတွင် လူတင်စီးကလည်း ဖမ်းသည်။ ရေနံဆီပုံး စသော ကြီးကြီးမားမားတင်လျှင်လည်း ဖမ်းသည်။ သူတို့က မတော်တဆ တိုက်ခိုက်မှုဖြစ်လျှင် နှစ်ယောက်ဒဏ်ရာရမည်ဟုလည်းကောင်း၊ ကုန်လေးလေးပင်ပင် နောက်ပိုင်းတွင်တင်က စက်ဘီးမထိန်းနိုင်ဖြစ်လျက် တိုက်ခိုက်လဲကျမှု ပို၍ဖြစ်နိုင်သည်ဟုလည်းကောင်း အကြောင်းပြသည်။

ဘဲလ် (ခေါင်းလောင်း၊ ဟွန်းအံသေးစား) တစ်ခုခု မပါလျှင်လည်း ဖမ်းသည်။ အကြောင်းပြချက်က စက်ဘီးကို အရှိန်ပြင်းပြင်း နင်းလာခိုက် ကလေးများ၊ သက်ကြီးရွယ်အိုများကို တိုက်မိလျှင် သေစေနိုင်

mgyoe.com

mgyoe.com


သည်။ သန့်သန့်မာမာ လူပင်ဖြစ်စေ ဒဏ်ရာရစေ၊ ကျိုးစေနိုင်သည်။ ထို့ကြောင့် ရှေ့မှလူကို အသိပေးရန် အသံပြုကိရိယာ ဘဲလ်၊ ခေါင်းလောင်း၊ ဟွန်း ပါရမည်ဟု ဆိုသည်။

ညအခါ မှောင်စပြုသည်နှင့် မီးမပါပြန်လျှင်လည်း ဖမ်းသည်။ သူတို့က ဆိုသည်မှာ လက်တွန်းလှည်းကလေးပင်ဖြစ်စေ ညအခါ မီးပါမှသာလျှင် အဝေးမှလာသော မော်တော်ကား ယာဉ်ရထားများက မြင်ရမည်။ ရှောင်နိုင် တိမ်းနိုင်မည်။ (ဥပမာ-စက်ဘီးက ဆေးရောင်အမည်း၊ အသားညိုညို လူတစ်ယောက် အင်္ကျီအနက် လုံချည်အမည်း ကွက်ဝတ်၍ စက်ဘီးစီးလာသော် ညအခါ ပေငါးဆယ်အတွင်း လုံးဝမမြင်ရနိုင်၊ တိုက်မိ ခိုက်မိနိုင်သည်)ဟူ၍ ဖြစ်၏။ ထိုထိုအမှုများဖြင့်ဖမ်း၍ ရုံးတင် သော် ဒဏ်ငွေ တစ်ကျပ်-နှစ်ကျပ် စသည်ဖြင့် တပ်၏။

ထိုစဉ် သူ့ကျွန်ဘဝက အဘယ်မျှ မလွတ်မလပ် ရှိသည်ကို ရေးရသော် သာဓုတို့ ညအခါ မီးမပါဘဲ စက်ဘီးစီး ပုလိပ်မြင်၍ ဆင်းပြီးတွန်းသွားသည့်တိုင်အောင် အဖမ်းခံရသေးသည်။ ညသန်းခေါင်ကျော်သာမက မိုးလင်းသည်အထိ ပုလိပ်များ ထိုနေရာတစ်ယောက်၊ ဤနေရာနှစ်ယောက်ဆိုသလို တာဝန်ကျနေသည်။ ဝီစီခေါ် အရေးပေါ်ပုလိပ်ခရာမှုတ်လိုက်သည်နှင့် ဘယ်ကထွက်လာသည်မသိ ပုလိပ်ရောက်နေတတ်သည်။

သာဓုသည် ငယ်စဉ်က အငြိမ့်အလွန်ကြိုက်သည်။ လူပြက်များကို အလွန်သဘောကျသည်။ ဒန်ပေါက်၊ ညှပ်ကြီး၊ ဓာတ်ဆီ၊ ဓာတ်စံ၊ ကိုကြင်ခဲ၊ ကိုပဋိက္ခယား၊ ကိုဟော်တယ်၊ ကိုစပါယ်ရှယ် စသော လူရွှင်တော်များပါသည့် အငြိမ့်ဆိုလျှင် ဆယ်မိုင်မျှ ဝေးသော် ဝေးစေ သွားကြည့်သည်သာ ဖြစ်၏။

တစ်ညတွင် ဒန်ပေါက်၊ ညှပ်ကြီးတို့ပါသော အငြိမ့် ကြည့်မြင်တိုင်တွင် ကမည်ကိုသိသောကြောင့် သိမ်ကြီးဈေးနားတွင်နေသော သာဓု

mgyoe.com

mgyoe.com


လည်း ညနေစောင်းလောက်ကပင် စက်ဘီးစီး၍ ပွဲကြည့်ထွက်ခဲ့၏။ ထိုစဉ်က အငြိမ့်များမှာလည်း မလွတ်လပ်၊ ကျန်းမာရေး အကြောင်းပြချက်ဖြင့် ညနေ ၆-နာရီခွဲမှ ည ၁၂-နာရီအထိသာ အငြိမ့်ကခွင့်ရကြသည်။

ထို့ကြောင့် ပွဲစဉ် က ကချင်းကြည့်နိုင်အောင် ၅-နာရီလောက်ကတည်းက သာဓု ပွဲစင်ဘေးတွင် ရောက်နေခဲ့ကာ ည ၁၂-နာရီ ပွဲပြီးပြီးချင်း စက်ဘီးကို သုတ်သုတ်နင်း၍ ပြန်လာသည်။ မျက်လုံးကလည်း ပုလိပ်ကို ကြည့်ရသေး၏

လတ္တာလမ်း (ယခု-လာသာလမ်း)ထိပ်သို့ ရောက်သည်နှင့် မှောင်ရိပ်ထဲမှထွက်လာသော ပန်ချာပီပုလိပ်က ဆီးဖမ်းကာ ရဲဌာနသို့ ခေါ်သွားလေတော၏။ ထိုအခါက လက်ဖက်ရည်နှစ်ခွက်ဖိုးမျှ ဖြစ်သော ပိုက်ဆံ ၆-ပြား သာဓုက ထုတ်ပေးသော်လည်း သူလက်မခံ၊ နည်း၍လား မသိ။

ရဲဌာနရောက်သော် အမည်လိပ်စာမေးသည်။ နောက်တစ်နေ့ နံနက် ၁၀-နာရီ သမာဓိလူကြီးရုံးသို့ သွားရန် ညွှန်ကြားပြီး ပြန်လွှတ်လိုက်သည်။

ချိန်းသည့်နေ့ ရုံးသို့ရောက်သောအခါ တတိယမြောက်နာမည်မှာ သာဓုဖြစ်လျက် မျက်မှန်းတန်းမိနေသော သမာဓိလူကြီးက…

"မင်း ရောက်လာပြန်ပြီလား"

ဤသို့အမေးခံရသည်မှာ လေးကြိမ်ထက်မနည်းတော့ချေ။ သာဓုမှာ လမ်းလယ်တွင် ဘောလုံးကန်မှုဖြင့်လည်းကောင်း၊ စက်ဘီး နှစ်ယောက်စီးမှုဖြင့်လည်းကောင်း၊ မီးမပါမှုဖြင့်လည်းကောင်း၊ သင်္ကြန်တွင် မဏ္ဍာပ်ထိုးရန် ကတ္တရာလမ်းကို ဖောက်၍ တွင်းတူးမှုဖြင့် လည်း

mgyoe.com

mgyoe.com


ကောင်း၊ (သူ့ကျွန်ဘဝ ချုပ်ချယ်မှုများဖြင့်) ရုံးရောက်သည်မှာ မကြာခဏ။

"ဟုတ်ကဲ့..."

သမာဓိလူကြီးမှာ ဦးဘိုင်မြားခေါ် ခြစ်တဂေါင်းကုလား လူကြီးလူကောင်းဖြစ်၏။ သူ့အမေးကို သာခုက ဖြေလိုက်သည်နှင့်-

"အေး... ဒဏ်ငွေနှစ်ကျပ်နဲ့..."

"ဟုတ်ကဲ့..."

"ဘာဟုတ်ကဲ့လဲ၊ မပြီးသေးဘူး။ မင်းခဏခဏ ပြစ်မှုကျူးလွန်တယ်၊ စက်ဘီး မီးမပါဘဲစီးလို့ အဖမ်းခံရတာ သုံးခါရှိပြီ။ ဘာဖြစ်လို့ မီးမထွန်းတာလဲ"

"ဝယ်စရာပိုက်ဆံ မရှိလို့ပါ"

"မဝယ်နိုင်လို့ မီးမထွန်းနိုင်ရင် ညမစီးနဲ့ပေါ့"

"ကိစ္စအရေးကြီးတဲ့အခါသာ စီးတာပါ"

"ညကြီးမိုးချုပ် ဘာအရေးကြီးတာလဲ"

"အငြိမ့်သွားကြည့်တာပါ"

"အငြိမ့်ကြည့်တာ အရေးကြီးသလားကွ"

"ဟုတ်ကဲ့ လူပြက် ပြက်တာ သိပ်ရယ်ရပါတယ်၊ ရယ်တာဟာ ကျန်းမာတယ်ဆိုလို့"

"တော်ပြီ ဒဏ်ငွေ နှစ်ကျပ်ပေးခဲ့၊ နောက်ပြီး တစ်လအတွင်း ဒီရုံးကို ပြန်ရောက်မလာစေနဲ့ နားလည်လား၊ ဒါတစ်လအတွင်း ကောင်းစွာနေရမယ်ဆိုတဲ့ အပြစ်ဒဏ်ခေါ်တယ်"

သာခုက ဘာမျှထပ်မပြောတော့ဘဲ ငွေနှစ်ကျပ် ဒဏ်ဆောင်သည်။ ဖြတ်ပိုင်းတစ်ခုရသည်။ နောက်ဆုံးပြစ်ဒဏ်နှင့် ပတ်သက်၍ မကြားဖူး၊ မခံရဖူးသောကြောင့် ရှင်းရှင်းသိလို၍ ဦးဘိုင်မြားဆီ လျှောက်သွားပြီး...

mgyoe.com

mgyoe.com


"ကျွန်တော် မသိလို့မေးပါရစေ မာမူကြီး၊ တစ်လအတွင်း ကောင်း စွာနေရမယ်ဆိုတော့ ဒီတစ်လက ကျော်ရင်ကော"

"ဟာ လူဝါးဝတဲ့ ကောင်လေးပဲ၊ သွား… သွား"ဟုပြောရင်း ရယ်ရင်း သာစုအား မောင်းထုတ်လိုက်သည် ဟူသတတ်။

❑

mgyoe.com

mgyoe.com



# ရွှေအိုး

ငယ်စဉ်က သာခု အလွန် ဒုက္ခရောက်ရသည်။ မိဘများမှာလည်း ရရစားစား ဖြစ်၍ ရှပ်အင်္ကျီပင် တစ်ထည်စို၍ တစ်ထည်အပိုလဲစရာမရှိ။ တစ်နေ့ ရှပ်လက်တို၊ တစ်နေ့ စွပ်ကျယ်လက်ပြတ်ဖြင့် ပတ်ချာလည်ခဲ့ရသည်။

နေရသည်မှာ အရောင်းအဝယ် ကြွယ်ဝရာအရပ်၊ ကုန်ဈေးတန်းလမ်း။ မိခင်ဖြစ်သူက ဈေးဗန်းတစ်ခုဖြင့် အလုအယက် ပြေးလွှား အရောင်းအဝယ် လုပ်နေရသည့် ဈေးသည်ဖြစ်၍ "ငွေရလမ်းဆိုသည်မှာ အရောင်းအဝယ် ကုန်သည်လုပ်ငန်းပါတကား"ဟု နားလည်ခွင့် ရနေပြီ ဖြစ်သည့်အတိုင်း သာခု၏ ဆင်းရဲခြင်းဘဝကို ကုန်သည်အလုပ်ဖြင့် စခန်းသိမ်းချင်နေ၏။

သို့သော် အရင်းရှင်အလုပ်၌ ငွေအရင်းအနှီးလိုသည်။ ထိုစဉ်က များများစားစား ငွေမလို၊ ငွေ ၅ဝိ လောက်ရှိလျှင် သိမ်ကြီးဈေး၌ ဆိုင်တစ်ဆိုင် မြိုင်မြိုင်တည်နိုင်သည်။ ၁၀-ရက် ၁၅-ရက်လောက်စုမှ အနိုင်နိုင်ရသော ငွေ-၂-ကျပ်ဖြင့် အောင်ဘာလေ သိန်းဆုထိုးသည်။

mgyoe.com

ဂဏန်းသုံးလုံးပင် တစ်ဆက်တည်းတူသည့် ဂဏန်း ၅၀၀–ဆုပင် မပါခဲ့။ တစ်ညသော် သိန်းထီစဖွင့်သော ညတစ်ည။ တောင့်တခြင်းကြီးစွာဖြင့် သာစုအိပ်ပျော်သွားသည်။ အိပ်မက်မက်၏၊ ဖွင့်နေသောထီနှင့် လုံးဝမပတ်သက်။ မစပ်ဆိုင်သည့် အိပ်မက်။

လူတစ်ယာက်က သာစုကိုလှုပ်၍ နှိုးသည်။ အိပ်မောကျနေစဖြစ်သောကြောင့် မျက်စိဖွင့်၍မရ၊ နောက်…တုတ်လိုအရာတစ်ခုဖြင့် ဗိုက်ကိုထိုး၍ နှိုးသည်။ ပါးစပ်ကပါ ရွတ်ခေါ်နေသည်။

"ငါ့မြေး ထလော့…ထ–ထ"

တုတ်နှင့်ထိုး၍ နှိုးခြင်းနှင့် ခေါ်သံရွတ်သံ အဆက်မပြတ်သောကြောင့် သာစု ထထိုင်လိုက်သည်။ မျက်လုံးဖွင့်ကြည့်မိသည်နှင့် စိတ်ထဲတွင် ရိပ်ခနဲ လန့်သွားသည်။ မြင်ရသည်မှာ သာမန် တစ်ဦးတစ်ယောက် မဟုတ်။ ဝတ်ဖြူစင်ကြယ်နှင့် အသက် ၇၀၊ ၈၀–ခန့် အရွယ်၊ ခန့်ထည်သော အင်္ဂါရုပ်နှင့် သူတော်စင်ပုဂ္ဂိုလ်ဖြစ်နေသည်ကို တွေ့ရ၏။ သာစုလည်း ကျုံ့ကျုံ့ယုံ့ယုံ့ပြင်ထိုင်၍ လက်အုပ်ချီလိုက်မိသည်။ နောက်ဦးချလိုက်သည်။

"အမိန့်ရှိပါ ဘိုးဘိုး"

"အိမ်း…. ငါ့မြေးက ငွေသိပ်လိုချင်နေတယ် မဟုတ်လား။ သည်ဟာကြောင့် ဘိုးဘိုးလာခဲ့ခြင်း ဖြစ်ချေသည်"

သာစု အလွန် ဝမ်းသာသွားသည်။ သာစုအား မစမည့်သူ ပေါ်လာလေပြီ။

"မှန်ပါတယ် ဘိုးဘိုး၊ ကျွန်တော် အရင်းအနှီး ငွေလိုနေပါတယ်။ ကျွန်တော့်ကို ကူညီတော်မူပါ"

"ဟုတ်ပဲ့… ဟုတ်ပဲ့၊ ငါ့မြေး တောင့်တနေတာ ငွေ ၅၀၀

mgyoe.com

mgyoe.com

လောက်သာ မဟုတ်တုံလော။ ယခု ဘိုးဘိုးသည် ထိုထက်မက များလှစွာ ကူညီမည် ငါ့မြေး။ သို့သော်လည်း…”

ဘိုးဘိုးစကား ဤတွင် တန့်သွားသဖြင့် သာခု နင့်ခနဲထိတ်သွား၏။

“မစိုးရိမ်လင့်၊ သို့သော် ငွေဆိုသည်မှာ၊ စည်းစိမ်ဥစ္စာ ဆိုသည်မှာ လွယ်လွယ်နှင့် မရစကောင်း၊ စွန့်စားမှုတစ်ခုပြုရမည်။ သဘောတူပါ၏လော”

သာခု ငွေလိုချင်နေသည်။ ဆိုင်တစ်ဆိုင် ,တည်ချင်နေသည်။ အရင်းအနှီးသာ ရမည်ဆိုလျှင်….

“အမိန့်ရှိပါ ဘိုးဘိုး”

“ကောင်းစွ…ကောင်းစွ၊ ကိုင်း ဘိုးဘိုး အမိန့်ပေးမည်။ သေချာစွာနားထောင်လော့”

သာခုက ဂရုတစိုက် နားစွင့်နေလိုက်သည်။ ဘိုးဘိုးသည် သာခုအား အကဲခတ်နေပြီးမှ တောင်ဝှေးဖြင့် တစ်နေရာသို့ ညွှန်၍….

“တာမွေသင်္ချိုင်းသို့ ငါ့မြေးသွားရမည်၊ အချိန်မှာ လာမည့်လကွယ်နေ့ည တစ်ချက်တီးအရောက် သင်္ချိုင်းမြေအလယ် တည့်တည့်ဆီ ဦးတည်လျှောက်သွားလော့။ ဂူပျက်တစ်ခုမှ ထမီရင်လျား ဆံပင်ဖားလျားချထားသော မိန်းမတစ်ဦးက ငါ့မြေးအား ဆီးကြိုသမှုပြုလိမ့်မည်။

“ငါ့မြေး မကြောက်လေနှင့်” “မကြောက်လေနှင့်” ဟူသောစကားကြားလိုက်မှ သာခု ကြက်သီးထသွားတော့၏။

“ယင်းလူသေတစ္ဆေမက ငါ့မြေးအားခေါ်သွားပြီး တူးရမည့်မြေနေရာကို ပြလိမ့်မည်။ ငါမြေးတူးဆွလော့။ အနက်တစ်ပေ၊ အကျယ်သုံးပေ တူးမိလျှင် ငါးပိအိုးကဲ့သို့သော စဥ့်အိုးတစ်လုံးတွေ့လိမ့်မည်။

mgyoe.com

mgyoe.com


ယင်းစဥ်အိုးထဲတွင် ရွှေထည်ပစ္စည်း တစ်ပိဿာမက ရှိခြိမ့်မည်။ ငါ့မြေး သွားယူလေလော့"

ဘိုးဘိုးသည် စကားကို ဖြတ်၍ တစ်စုံတစ်ရာ တွေးနေပြီးမှ-

"တစ်ခုက ငါ့မြေးသတိထားရမည်။ ရွှေအိုးကိုတွေ့၍ မ နုတ်ယူလိုက်သည်နှင့် လူသေတစ္ဆေမက လုလိမ့်မည်ဖြစ်၍ သူမလုနိုင်မီ လွတ်အောင် ယူပြေးလေလော့။ မကြောက်လေနှင့်၊ သင်္ချိုင်းမြေ လွတ်အောင်သာ ငါ့မြေးပြေးပေါ့လေ။ သူလိုက်နိုင်မည် မဟုတ်ချေတကား"

ထိုစဥ်က ရှိရင်းစိတ်အမှန်ကို ဝန်ခံရသော် သာစုကြောက်သည်။ အိပ်မက်ထဲတွင်ပင် ချွေးပြန်အောင် ကြောက်နေသည်။

"ငါ့မြေး၊ တစ်ခု ပြောရန် ဘိုးဘိုးကျန်ခဲ့သည်။ သွားသောအခါ အဖော်မခေါ်ရ၊ မည်သူမှလည်းအသိမပေးရ၊ တစ်ယောက်တည်းသာ သွားမှ အောင်မြင်မည်တည်း"

"ဘိုးဘိုး"

"အိမ်း...ပြောလော့ ငါ့မြေး"

"ဘိုးဘိုး ကျွန်တော့်ကို ကူညီဖို့လာတာ မဟုတ်လား ဘိုးဘိုး"

"မှန်၏။ မ စချင်၍ ဘိုးဘိုးလာခဲ့ခြင်း ဖြစ်သည်"

"တကယ်လို့ ကျွန်တော်သွားမယူဘဲ နေရင်ကော ဘိုးဘိုး"

"ငါ့မြေး ခုအတိုင်းပင် ဆင်းရဲဒုက္ခ ရောက်နေချေဦးမည်။ ဘိုးဘိုး မကြည့်ရက် မရှုရက်တကား"

"ဒါဖြင့် ဘိုးဘိုးရယ်၊ အဲဒီ ရွှေအိုးကို ဘိုးဘိုးပဲ ယူပေးလို့မရဘူးလား။ ဘိုးဘိုးရဲ့ ဣဒ္ဓိပါဒ် တန်ခိုးနဲ့လေ။ ကျွန်တော် သင်္ချိုင်းကို မသွားရဲလို့ပါ ဘိုးဘိုး"

"အိမ်း..အိမ်း၊ သင်သည် အလွန်အမင်း လူဝါးဝသော ခွေးမသားလေး ဖြစ်ချေ၏တကား"

mgyoe.com

mgyoe.com

ထိုစကားအဆုံးတွင် ဘိုးဘိုးလည်း ဝိုးတိုးဝါးတားပျောက်သွား၏။ သာခုလည်း ငေါက်ခနဲ လန့်နိုး၏။ မျက်စိထဲတွင်လည်း သင်္ချိုင်းနှင့် လူသေတစ္ဆေမကိုမြင်ယောင်ပြီး ချွေးပြန်နေ၏၊ ဆက်၍ အိပ်မပျော်။ သက်သက်မဲ့ လာ၍ဒုက္ခပေးသော ဘိုးဘိုးပါတကား။

❑

mgyoe.com

mgyoe.com



# အာဇာနည်သူရဲကောင်းတဲ့

နယ်ချဲ့ခေတ်လွတ်လပ်ရေး တိုက်ပွဲကဏ္ဍတစ်ရပ်အဖြစ် ကျောင်းသားများ အတွင်းဝန်ရုံးကို ဝိုင်းဝန်းပိတ်ဆို့ ဆန္ဒပြရာတွင် နယ်ချဲ့လက်ပါးစေများ၏ ရိုက်နှက်ဖယ်ရှားခြင်း ခံကြရရာမှ ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရသည်ကိုအကြောင်းပြု၍ ထိုစဉ်က ဒေါက်တာဘမော် အစိုးရအဖွဲ့၏ ဝန်ကြီးတစ်ပါးဖြစ်သူ ဦးပုက မကျေနပ် ကန့်ကွက်ဆန္ဒပြသောအားဖြင့် ဒေါက်တာဘမော် အစိုးရအဖွဲ့ ဝန်ကြီးရာထူးမှ နုတ်ထွက်လိုက်၏။

ဤသည်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနချုပ် ဒို့ဗမာအစည်းအရုံးက ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ပြီး ထိုဝန်ကြီးဦးပုအား ရဲရဲတောက်စိတ်ဓာတ်ဖြင့် ဝန်ကြီးရာထူးမှ နုတ်ထွက်မှုအတွက် 'အာဇာနည် သူရဲကောင်းကြီး' ဟု ချီးကျူးဂုဏ်ပြုလိုက်၏။

ထိုကိစ္စကို သာခုတို့ အလယ်ပိုင်း ဒို့ဗမာအစည်းအရုံးကလည်း တစ်ပြိုင်တည်းလိုလိုပင် ဆုံးဖြတ်ချက်တစ်ခုချမှတ်ကာ သတင်းစာတိုက်များသို့ရော ဌာနချုပ် ဒို့ဗမာအစည်းအရုံးသို့ပါ ဖြန့်ဝေပေးပို့လိုက်၏။

mgyoe.com

mgyoe.com


ရန်ကုန်အလယ်ပိုင်း သာခုတို့ ဆုံးဖြတ်ကြေညာချက်မှာ ဌာနချုပ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ၏။

(ငါတို့ ဗမာနိုင်ငံ၏ သားကောင်းရတနာ တစ်ဦးဖြစ်သော ဗိုလ်အောင်ကျော်သည် ငါတို့တိုင်းပြည်နှင့်လူမျိုး လွတ်လပ်မှုအတွက် ဆန္ဒပြရင်း ဗြိတိသျှနယ်ချဲ့သမားလက်ပါးစေတို့၏ ရက်စက်မှုဖြင့် ကျဆုံးသွားရရှာသောကြောင့် ငါတို့တစ်တွေသည် ပူဆွေးတမ်းတ ယူကျုံးမရ ရှိနေကြရသည်။

ယင်းအခိုက်အတန့်တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဖြစ်သူ ဦးပုက ဗိုလ်အောင်ကျော်အတွက် ရင်ထုမနာ ဖြစ်ရလေဟန် ဝန်းနည်းကန့်ကွက်သောအားဖြင့် အစိုးရအဖွဲ့မှ နုတ်ထွက်ကြောင်းကြေညာသော်လည်း ငါတို့သည်မချီးကျူးနိုင်၊ ဝေဖန်ခြင်းလည်း မပြုလိုသေး။

ယင်းဝန်ကြီးဟောင်းဦးပုသည် သူ၏နိုင်ငံရေးတစ်လျှောက်လုံး၌ ရာထူးသည် ပထမ၊ ရာထူးသည် ဒုတိယ၊ ရာထူးသည် တတိယ ဟူ၍ ရာထူးကိုသာ အဓိကထားခဲ့သည့် ရာဇဝင်အရ ယခုလည်း ဗိုလ်အောင်ကျော်အား ခုတုံးလုပ်အကြောင်းပြကာ ပြုတ်ကျလုဆဲဆဲ ဖြစ်နေသော ဒေါက်တာဘမော် အစိုးရ နုတ်ထွက်လိုက်ရသည်နှင့် နန်းရင်းဝန်ရာထူး ဝင်ယူပြီး အစိုးရအဖွဲ့ ဖွဲ့ရန် ခြေလှမ်းပြင် နိုင်ငံရေးကျားကွက်ဆင်လိုက်ခြင်းဖြစ်လေသလော ဟူသည်တို့ကို အလေးအနက် စောင့်ကြည့်ရဦးမည်။)

စသည်ဖြင့်....စသည်ဖြင့်...

ထိုကြေညာချက်မိတ္တူ ဌာနချုပ်သို့ ရောက်သွားပြီး မကြာမီပင် အခေါ်လွှတ်လိုက်သဖြင့် သာခုလိုက်သွား၏။ သခင်သန်းထွန်း အလွန်ဒေါပွနေသည်ကို တွေ့ရလျက် သခင်သိန်းမောင်ကြီးလည်း မျက်နှာ

mgyoe.com

mgyoe.com


မကောင်းဖြစ်နေသည်၊ သခင်ထိပ်တင်ကိုယ်တော်ကြီးကမူ ခပ်အေးအေး ပင် ဒူးနှံ့ရင်း နယ်မှရောက်နေသော သခင်အချို့နှင့် စကားပြောနေသည်။

"ခင်ဗျား ဘယ်လိုလုပ်တာလဲဗျ၊ ကျွန်တော်တို့က လက်နဲ့ ရေး၊ ခင်ဗျားတို့က ခြေနဲ့ဖျက်တာ ဘာကောင်းလဲ" ဟု သခင်သန်းထွန်းက စကား စလေတော့သည်။

"နေစမ်းပါဦး သခင်သန်းထွန်းရဲ့၊ ခင်ဗျားပြောတာတွေ ဘာမှ ကျွန်တော်နားမလည်ဘူး။ ခင်ဗျား ဘာဆိုလိုတာလဲ၊ ခြေနဲ့ဖျက်တယ် ဆိုတာ...."ဟု သာခုက မေးလိုက်မှ သူတို့ဌာနချုပ်၏ ကြေညာချက် မိတ္တူကို ထုတ်ပြ၏။ အထက်ပါအတိုင်း ဦးပုအား အာဇာနည် သူ့ရဲ ကောင်းကြီးအဖြစ် ဂုဏ်ပြုထားသည်ကို တွေ့ရသောကြောင့်...

"အဲဒါတော့ ကျွန်တော်လည်းမသိဘူး၊ မတော်တဆဖြစ်သွားရတာ ဘယ့်နဲ့လုပ်မလဲ"

ထိုအခိုက်တွင် သခင်မြနှင့် သခင်ဗိုလ်လော (မမှတ်မိ) ရောက်လာ ကြ၏။

"ဒါအရေးကြီးကိစ္စပဲ၊ တကယ်ဆိုရင် တိုင်တိုင်ပင်ပင် လာပြပါ ဦးလား"

"ဟာ...ခါတိုင်းလည်း ကိုယ့်အယူအဆနဲ့ကိုယ် ဆုံးဖြတ်ခဲ့ကြ တာပဲ မဟုတ်လားဗျ၊ လာပြစေချင်ရင် အစဉ်အလာဖြစ်အောင် စည်း ကမ်းလေးတစ်ခုတော့ လုပ်ထားပေါ့ဗျ"

ဤတွင် မရှင်းမလင်းဖြစ်နေသော သခင်မြက မေးသဖြင့် အပြန် အလှန် ပြောပြလိုက်ကြသည်တွင် သခင်မြမှာ တွေသွားပြီးမှ–

"နို့– အဲဒီ ကြေညာချက်နှစ်မျိုးစလုံး သတင်းစာတိုက်တွေ ပို့ပြီး ကြပြီလား" သာခုရော သခင်သန်းထွန်းကပါ ပို့လိုက်ပြီဖြစ်ကြောင်း ပြောရာ သခင်မြက...

mgyoe.com

mgyoe.com


"ဒီလိုဆိုလည်း တစ်ခုခုကို ပြန်တောင်းလိုက်ပါလား"

"ကောင်းပြီလေ၊ ကျွန်တော်တို့ကြေညာချက် ပြန်တောင်းလိုက်မယ်"

"ဟာ… သခင်ဖေသန်းတို့ ကြေညာချက်က ပိုကောင်းနေတာပဲ၊ ကျုပ်တို့တော့ ကြိုက်တယ်။ သခင်သန်းထွန်းတို့ကတော့ ဘာလုပ်လုပ် သိပ်ရှေ့လောကြီးတယ်၊ ဒီနေ့ ဆဲလိုက် မနက်ဖန် ထောက်ခံလိုက်နဲ့"
ဟု သခင်ထိပ်တင်ကိုယ်တော်ကြီးက ဝင်ပြောသည်တွင်–

"ဒီမှာ ဘယ်ဆုံးဖြတ်ချက်မှ ပြန်မတောင်းနဲ့တော့။ ရှုံ့ချည်နပ်ချည်နဲ့ တော်ကြာ သတင်းစာတွေကပါ အထင်သေးလာလိမ့်မယ်၊ နောက်ကို ဘာမှထည့်ပေးမှာ မဟုတ်တော့ဘူး"

အားလုံး ငြိမ်သွား၏။ စိတ်လည်းအိုက်ကုန်ကြ၏။

"အေးဗျာ၊ ဒီလိုဆိုလည်း နောက်ကို အယူအဆချင်း မလွဲရအောင် အစည်းအရုံးခွဲတွေက ဆုံးဖြတ်ချက်တွေကို ဒီမှာတင်ပြ အတည်ပြုချက် ရယူပြီးမှ သတင်းစာတိုက်တွေပို့"

"မဖြစ်နိုင်တာပဲဗျာ။ မြိတ်၊ ထားဝယ်၊ မြစ်ကြီးနား စသည်က ဆုံးဖြတ်ချက်တွေ ရန်ကုန်ကိုပို့၊ ဌာနချုပ်ကတစ်ခါ သတင်းစာတိုက်တွေလိုက်ပို့ သံသရာရှည်လှတယ်။ လွယ်လည်း မလွယ်ပါဘူး"

"အေးဗျာ၊ ခုဖြစ်ရတဲ့ကိစ္စက တိုင်းပြည်သာတယ် နာတယ်ဆိုတဲ့ ပြဿနာ မဟုတ်ဘူး။ ကိုယ့်အချင်းချင်း ဘယ်ကြေညာချက် ကောင်းတယ် မကောင်းဘူးဆိုတဲ့ ကိစ္စလို ဖြစ်နေပြီ"

"ကဲ–ဒီကိစ္စ ဒီလိုပဲထားလိုက်ကြတော့ဗျာ၊ ဖြစ်သမျှအကြောင်းပဲ။ နောက်နောင် ဒီက အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုခု ချမယ်ဆိုရင် ရန်ကုန်စီရင်စုကို အားလုံးခေါ်ပြီး ဆွေးနွေးကြရုံရှိတာပဲ"

mgyoe.com

mgyoe.com


တစ်ယောက်တစ်မျိုးစီ ထင်မြင်ချက် ပေးကြပြီးနောက် မတင်မကျ နှင့်ပင် ထိုကိစ္စ ထိုမျှနှင့် တစ်စခန်းရပ်လိုက်ကြရ၏။ ထို့နောက် များ မကြာမီမှာပင် ဒေါက်တာဘမော် ပြုတ်ကျသွားပြီး သာခုတို့စောင့်ကြည့် ခဲ့သော ဦးပုသည်ပင် "အမျိုးသားအစိုးရ" ဟူသောအမည်ဖြင့် နန်းရင်း ဝန် တက်လုပ်လေတော့သတည်း။

ဦးပုနှင့် ပတ်သက်၍ သာခုတို့ အလယ်ပိုင်းအစည်းအရုံးနှင့် ဌာန ချုပ်တို့ ကသိကအောက် ဖြစ်ရသည့်အရေးမှာ ထိုမျှနှင့် မပြီးသေးဘဲ ဦးပု အစိုးရမှာ ရေဘေးလေဘေး ပြဿနာနှင့် မကြုံစဖူး ရင်ဆိုင်နေရ သည်တွင် ဒို့ဗမာအစည်းအရုံး ဌာနချုပ်က အဆိုပါ ရေဘေး လေဘေးနှင့် ပတ်သက်၍ ဒုက္ခသည်များအား အစွမ်းကုန်ကူညီရန်၊ အခွန်အတုတ်နှင့် သီးစားခများ လျှော့ပစ်ရန် စသည့် တောင်းဆိုချက် ကြေညာရန် ပြင်ဆင် နေဆဲတွင် သာခုတို့ ရန်ကုန်အလယ်ပိုင်း ဒို့ဗမာအစည်းအရုံး၏ ဆုံးဖြတ် တောင်းဆိုချက်သတင်းက သတင်းစာအသီးသီးတွင်-

"လွှတ်တော်အမတ်များ မျိုးချစ်စိတ် ရှိမရှိ စမ်းပြီ"

"လွှတ်တော်အမတ်များ၏ နေ့တွက်နှင့် ခရီးစရိတ် လျှော့မည်လော"

"ရန်ကုန်အလယ်ပိုင်း ဒို့ဗမာအစည်းအရုံး ဆုံးဖြတ်ချက်ကြောင့် အမတ်များ ကသိကအောက်"

အစရှိသော ခြောက်လိုင်း စာလုံးအမဲကြီးများဖြင့်ပါလာ၏။ (ထို စဉ်က လွှတ်တော်အစည်းအဝေး ရှိနေခိုက်ဖြစ်လျက် အစည်းအဝေးတက် သော လွှတ်တော်အမတ်တိုင်း ခရီးစရိတ်အပြင် နေ့တွက်များပါ ရသော ကြောင့် အမတ်များတွင် ပြည်တော်သာသောအချိန်ကာလ။ ရသမျှ ထိုငွေဖြင့် စားကြသောက်ကြ၊ အပျော်ကြီးပျော်နေကြသည့် အမတ်ပွဲတော် ဖြစ်လေရာ) သာခုတို့ အလယ်ပိုင်း သခင်များ၏ ဆုံးဖြတ် တောင်းဆို ချက်တွင်-

mgyoe.com

mgyoe.com


"လယ်သမား၊ အလုပ်သမား၊ ဆင်းရဲသားများ၏ အကျိုးကို လိုလားလှပါသည်၊ ချစ်မြတ်နိုးလှပါသည်ဆိုသော ကြွေးကြော်သံများဖြင့် အရွေးခံခဲ့ကြသည့် လွှတ်တော်အမတ်အားလုံး၏ ခရီးစရိတ်နှင့် နေ့တွက်များကို ယခု ရေဘေးလေဘေးရန်ပုံငွေအဖြစ် ပေးလှူရန် ငါတို့ အလေးအနက် တောင်းဆိုသည်" ဟူသောအချက်ကို အဓိကထား၍ အစိုးရကပါ သီးခြားရန်ပုံငွေတစ်ရပ် ဖွင့်ရန်အပြင် ဝန်ကြီးအဖွဲ့၏လစာငွေ လေးပုံတစ်ပုံ ပါဝင်လှူဒါန်းရန် စသည်ဖြစ်၏။

ထိုအလယ်ပိုင်း အစည်းအရုံး ဆုံးဖြတ်ချက်များ ထင်ထင်ရှားရှားနှင့် ဟိုးလေးတကျော် ပါလာသောအခါ ဌာနချုပ်၏ ကြေညာချက်များကို သတင်းစာတိုက်များသို့ မပို့ဘဲထားလိုက်ကြောင်း သိရရုံသာမက အလယ်ပိုင်းအစည်းအရုံးကိုပင် ဌာနချုပ်က မကျေမလည် ဖြစ်သွားသည်ဟု ကြားသိရ၏။

စင်စစ် ဤသည်မှာ မဖြစ်သင့်မဖြစ်ထိုက်၊ ငြိုလည်းမငြိုငြင်ထိုက်။ စစ်တိုက်ရာတွင် ရန်သူနယ်မြေကို ပို၍သိမ်းပိုက်ရရှိသော အောင်နိုင်သောတပ်ကို အချင်းချင်း မကျေချမ်းသလို ဖြစ်နေချေသည်။ နောက်ပိုင်းတွင်ကား သာခု ရှင်းပြလိုက်သဖြင့် ပြေလည်သွားကြသည်။

ယင်း အထက်ပါဆုံးဖြတ်ချက်သည် တစ်နေ့တည်း သတင်းစာတွင် ပါရုံနှင့် ရပ်မသွားသေးဘဲ ခေါင်းကြီးပိုင်းမှလည်း သတင်းစာများက ဖိရေးကြသည်။ ဆောင်းပါးရှင်များကလည်း တက်ညီလက်ညီထောက်ခံရေးသားကြသည်သာမက ကာတွန်း ဦးဟိန်စွန်းကပင် မနေနိုင်တော့ဘဲ မြန်မာ့အလင်းတွင် ကာတွန်းတစ်ရပ် ထ ရေးလေတော့၏။

(ရွှေတိဂုံဘုရားတွင် လွှတ်တော်အမတ်တစ်ဦး ဘုရားရှိခိုးရင်း "ဤကောင်းမှု ရေလှူရသောအကျိုးကံအားကြောင့် ဘဝအဆက်တိုင်း ရေဘေးလေဘေး ဆိုသည်များကို နားမှ လေသံပင် မကြားပါရစေနဲ့

mgyoe.com

mgyoe.com


ဘုရား" ဟုဆုတောင်းရာ အနီးတွင် ရပ်နေသူတစ်ဦးက "ဩော်....
အမတ်မင်းက ဒီဒုက္ခသည်တွေအတွက် ရင်ထုမနာ ဖြစ်နေတယ် ထင်ပါ
ရဲ့" ဟု မေးလိုက်သည်ကို အမတ်မင်းက-"ဒီမှာ-ဒီမှာ ကျုပ်ရမယ့်
နေတွက်နဲ့ ခရီးစရိတ်တွေ လျှူရတော့မလို ဖြစ်နေလို့ဗျ သိလား")
ဟူ၏။

သို့သော်... သို့သော် "ဤသို့သော်ကား ပေါ့ပေါ့သေးသေး
သို့သော်မဟုတ်" ထိုရေဘေး လေဘေးအတွက် မည်သည့်လွှတ်တော်
အမတ်ကမျှ လှူသည်ဟု မကြားသိလိုက်ရပါဗျား။

❑

mgyoe.com

mgyoe.com



# သခင်လွင်

ဂဠုန်ဦးစောက သာခုကို ဗေဒင်ဟောခဲ့သည့်အတိုင်း သော်လည်းကောင်း၊ ဤစာအုပ်တစ်နေရာတွင် ဖော်ပြထားသည့် နိုင်ငံရေးသမားအချို့၏ ဖောက်ပြန်မှုကို စိတ်မနှစ်မြို့၍လည်းကောင်း သာခုနိုင်ငံရေးမှ ထွက်ပြီး ပေါင်ဒါလုပ်ရောင်းရာမှ ဂျပန်ပြေး အင်္ဂလိပ် ပြန်ရောက်လာတော့ (စီ-အေ-အက်စ်-ဘီ) စစ်အုပ်ချုပ်ရေးခေတ်တွင် ရှားရှားပါးပါး အသံချဲ့စက်တစ်ခု သာခုတွင် ရှိနေ၏။

ပေါင်ဒါရောင်းရာတွင် အသံချဲ့စက်နှင့် ဓာတ်ပြားဖွင့်ရောင်းရသည်မှာ အလွန် တွက်ခြေကိုက်၏။ မျက်နှာပန်းလှ၏။ တရုတ်ဆေးတိုက်များ၊ ကုလားဘိဒီ ဆေးလိပ်ကုမ္ပဏီများ၊ ဆပ်ပြာလုပ်ငန်းများကလည်း သာခု၏ အသံချဲ့စက်ကို အလုအယက်ငှားကြ၏။ ကားရော အသံချဲ့စက်ပါဆိုရင် တစ်နေ့ ၁၅ဝိ-မှ ၂ဝဝိ-အထိ ရ၏။ ကွက်သစ်မင်္ဂလာဆောင်၊ ရှင်ပြု၊ အသုဘတို့ပါ အသံချဲ့စက် သုံးလာသည်မှာ သာခုအသံချဲ့စက်က စခဲ့ခြင်းဖြစ်၏။ မှတ်မှတ်ရရ ကျားကူးကွက်သစ် မင်္ဂလာဆောင်မှ ပထမဖြစ်လျက် သာခု၏ ပူတူတူးပုံနှိပ်တိုက်တွင်ပင် မင်္ဂလာဖိတ်စာလာအပ်၏။

mgyoe.com

mgyoe.com


သတို့သားနှင့် သတို့သမီးတို့မှာ စစ်ပြေးဒုက္ခသည်များဖြစ်လျက် ဖိတ်စာတွင် ဖော်ပြထားသော ဂုဏ်ထူး ဝိသေသများသည်ကား ဆိုလျှင်....

ဆိုက္ကားပိုင်ရှင် ကိုသောင်းထိန်

ကို

မြ-မုန့်ဟင်းခါး မမြခင်

နှင့်

မိဘတို့ ဝတ္တရားရှိသည့်အတိုင်း

ထိုမင်္ဂလာပွဲမှ အစပြုလျက် အသံချဲ့စက်၏ ဆူညံမှုများ နားဝင်သွား၍လော မသိ။ မင်းမနိုင်ကွက်သစ်၊ ကပ္ပလီကွက်သစ်၊ ဖ-ဆ-ပ-လ ကွက်သစ်၊ ထောင်ခြံကွက်သစ် စသည်တို့မှ ငှားရမ်းကြခြင်းဖြင့် သာခု ပွဲဆက်နေရတော့၏။ တစ်ခါတစ်ရံ အသံချဲ့စက် မအားလပ်သောကြောင့် မင်္ဂလာပွဲရက်ရွှေ့ရသည်များလည်း ထူးခြားစွာ ကြုံတွေ့ရ၏။

ထိုအထဲတွင် ဘုန်းကြီးတရားပွဲများကလည်း လာကြသေးသည်။ သာခု မလိုက်။ ဓမ္မကထိကများ တရားတွေ့၊ အာဝဇ္ဇန်းရွှင်လာလျှင် နားချိန်မရ ဆက်တိုက်ဖွင့်ရသောကြောင့် စက်ပူသည်၊ မီးလုံးပျက်သည်၊ ဘက်ထရီ အားကုန်မြန်သည်။ တရားဟောကောင်းဆဲ စက်အသံလျော့သွားလျှင်၊ ပျက်သွားလျှင် ပြဿနာတက်ချေမည်။ ထို့အတူ နိုင်ငံရေး တရားပွဲများကိုလည်း သာခုမငှား။

သို့တိုင်အောင် မငြင်းသာသော ကိစ္စတွေ ပေါ်လာသည်။ တစ်ကြိမ်သော် သခင်လွင်နှင့် သခင်လှကျော်ပေါက်လာသည်။ ဗိုလ်ချုပ်အောင်ဆန်း တရားပွဲအတွက် အသံချဲ့စက်ငှားရန် လာခြင်း။

mgyoe.com

mgyoe.com


အခြားသော နိုင်ငံရေးတရားပွဲများကို သာစု ငြင်းဆန်ခဲ့သော်လည်း လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးသခင်များကိုကား သာစု ခေါင်းမခါရက် ဖြစ်သွားသည်။ သို့နှင့် တရားပွဲကျင်းပရမည့်နေ့ရောက်သောအခါ သခင်အောင်ဆန်း (ဗိုလ်ချုပ်)နှင့် မတွေ့လိုသောကြောင့် သားတပည့်ဖြစ်သူ မောင်မောင်လှ (ယခု ရောင်စုံပုံနှိပ်-ကာလာမောင်မောင်လှ)ကို လွှတ်လိုက်ပြီး သာစုကမူ အသံချဲ့စက်ပျက်လျှင်လုပ်ပေးရန် တရားနာ ပရိသတ်ထဲတွင် ထိုင်စောင့်နေခဲ့၏။

(မှတ်ချက် ။ ။ သခင်အောင်ဆန်းနှင့် မတွေ့လိုသည့် အကြောင်းမှာ အတင်းခေါ်၍ နိုင်ငံရေးထဲ ဆွဲသွင်းမည်စိုး၍ အတွေ့မခံလိုခြင်းဖြစ်၏။ တစ်ဖန်ထိုစဉ်က ကွန်မြူနစ်ပါတီ သခင်သန်းထွန်းကလည်း ခေါ်သည်။ ဆိုရှယ်လစ် သခင်မြကလည်း ခေါ်သည်။ သခင်သန်းထွန်းနှင့် မသင့်မတင့်ဖြစ်နေသူ အလံနီ ဖြစ်အံ့ဆဲဆဲ သခင်စိုးကလည်း ခေါ်သည်။ ကြားနေသခင်များကလည်း လာ၍ စည်းရုံးသည်)။

အချိန်မှာ ပြည်သူ့ရဲဘော်များပင် နှစ်စုသုံးစု ကွဲမည့်အရိပ်အရောင် သန်းနေသည်။ အချင်းချင်းတိုက်ကြမည့် အလားအလာကလည်း ရှိနေသည်။ သာစုသည် နယ်ချဲ့သမားကိုသာ တိုက်လိုသည်။ အချင်းချင်း ရန်မီးမပွားလို၊ မပွားစေချင်။ နယ်ချဲ့ကိုတိုက်၍ လွတ်လပ်ရေးရရန် အတွက်မူ သာစုအတတ်နိုင်ဆုံး ကူညီနေခဲ့သည်။ (အသတ်ခံရတော့မည့် အထိ ဖြစ်ခဲ့ရသည်။) သီးခြားဖော်ပြပါအံ့။

အမြွာမြွာကွဲနေသော မည်သည့်သခင်ကဖြစ်စေ၊ နယ်ချဲ့ဆန့်ကျင်ရေးကိစ္စနှင့် လာလျှင် သာစု မငြင်း။ သို့သော် ဒီပါတီဝင်ပြီး ဟိုပါတီ

mgyoe.com

mgyoe.com


ကိုမဆဲချင်၊ မတိုက်လို။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို ရှောင်ခြင်း ဖြစ်၏။

ထိုသည်မှစ၍ မကြာခဏဆိုသလို သခင်လွင်၊ သခင်လှကျွေတို့ အသံချဲ့စက် လာလာဆွဲ၏။ ထိုအစည်းအဝေး၊ ဤတရားပွဲ စသည်တို့ကို သာခု လိုက်ကူညီရ၏။ တစ်ခါတစ်ရံ ၇၅၊ ၁၀၀-မျှပေး၏။ အကြိမ်ကြိမ် လည်း တစ်နေ့ ၂၀၀-ရသည့်အလုပ်ကို ဖျက်၍ သူတို့နှင့်လိုက်သွား ရသည်။ တစ်ပြားမှ မရသည့်ပြင် ဓာတ်ဆီဖိုးပါ သာခုက စိုက်ရ၏။

တစ်နေ့သော် နံနက် ၆-နာရီလောက် သခင်လွင် ရောက်လာသည်။ မရမကနှိုးသည်။ ချင်း-ဗမာ ညီလာခံရှိနေ၍ အသံချဲ့စက်ရော ကားပါ လိုက်ကူရန် ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ သခင် ဝတင်ကြီးတို့လည်း ပါမည်ဟုပြောသည်။ ထီးလင်း၊ ဂန့်ဂေါ၊ ဆော၊ ယောတို့အထိ ရောက်ကြမည်။ ထိုမျှဝေးသောအရပ်သို့ သာခု လိုက်၍ မဖြစ်နိုင်။ ရန်ကုန်တွင်လည်း အလုပ်တစ်ဖက်ရှိနေကြောင်း ပြောသော် လည်းမရ၊ လူပုသလောက် စိတ်ရှည်ရှည်နှင့်ပြောနေသူ သခင်လွင်အား သာခု မငြင်းသာ ဖြစ်သွားရပြီး နောက်တစ်နေ့ နံနက် ရန်ကုန်မှ ထွက် ကြသည်။

ည ၉-နာရီသာသာ ပြည့်မြို့သို့ရောက်သော် တိုက်တစ်လုံးတွင် အိပ်ကြရန် ပြင်ဆင်ကြသည်။ သာခုမှာ သူတစ်ထူးအိမ်တွင် အိပ်တတ် သူမဟုတ်၍ ကားထဲတွင်ပင် အိပ်သည်။ မကြာမီ တပည့်ကျော် မောင် မောင်လှက လာနှိုးပြီး သခင်လွင်ခေါ်နေကြောင်းပြောသဖြင့် ထသွားရာ-

"ကဲ...သခင်ဖေသန်း အစီအစဉ်တော့ ပြောင်းလိုက်ရပြီဗျာ၊ ခရီး ဆက်ကြစို့"

"ဘယ်ကိုလဲ"

mgyoe.com

mgyoe.com


"ဒီည ရောက်သလောက် မောင်းပေါ့ဗျာ၊ အာလံအထိ ဖြစ်ဖြစ်ပေါ့"ဟု သခင်လွင်က တစ်စုံတစ်ရာပူပန်နေသော အမူအရာဖြင့် ပြော၏။

"ဟာဗျာ၊ ကျွန်တော် ခု ကားမောင်းလာရတာလည်း တွက်ကြည့်ဦး၊ မိုင်၂၀၀ နီးပါးဗျ။ ပြီးတော့ လမ်းတွေပျက်နေလို့ ရှောင်ရတိမ်းရနဲ့ ဘယ်လောက်ပင်ပန်းသလဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီညခရီးမဆက်ရင် မဖြစ်တော့လို့"

"ဒီမှာ သခင်လွင်၊ ခင်ဗျားတို့က ကားထဲထိုင်လိုက်လာရတာ။ အိပ်ချင်လည်း အိပ်လို့ရသေးတယ်၊ ကျွန်တော်က ခြေရောလက်ရော မျက်စိရော နားရော တစ်လမ်းလုံး အလုပ်လုပ်လာရတာဗျ တစ်ကိုယ်လုံး နာနေပြီ"

"အေးပါဗျာ၊ ဒါပေမဲ့လည်း"

"ဒါပေမမဲ့နဲ့တော့ဗျာ ကျွန်တော် ညောင်းတယ်၊ အိပ်လည်း အိပ်ချင်တယ်"

သခင်လွင် တွေသွားသော်လည်း နောက်ထပ် သူပြောချင်နေသေးပုံရ၏။ ထိုစဉ်က သူသည် ဖ-ဆ-ပ-လ အလုပ်သမားဌာန ကိုင်နေသည်ဖြစ်သောကြောင့်-

"ခင်ဗျား သိသား မဟုတ်လား။ အလုပ်သမားတွေ တစ်နေ့ ဘယ်နှစ်နာရီ အလုပ်လုပ်ရမလဲ၊ ခု ကျွန်တော်မောင်းလာတာ မနက် ၅-နာရီက ည ၁၀-နာရီထိ"

တမင်ကတ်သတ် ပြောခြင်းကား မဟုတ်။ ရဲဘော်ရဲဘက်ချင်း အနေဖြင့် သူ့ကို ကလိလိုက်သည်သာဖြစ်၏။ ဤတွင် သခင်လွင်မျက်နှာ ပို၍ အိုသွားသည် ထင်လိုက်ရ၏။ တစ်စုံတစ်ရာဘာမျှ မပြောသေးဘဲ အတူပါသူ သခင်မောင်မောင်၊ သခင်ဘသက် (ယခင်တစ်လောက ရုပ်ရှင်ကောင်စီ) တို့ကိုသာ တစ်လှည့်စီ ကြည့်နေ၏။

mgyoe.com

mgyoe.com


သာခုလည်း ခပ်တည်တည်ထသွားကာ မောင်မောင်လှအား အိပ်ရာများ ပြန်လိပ်သိမ်းဆည်း၍ မော်တော်ကားမှ ရေနှင့် စက်ဆီများ အသင့်လုပ်ထားရန် ပြောကာ ခပ်လှမ်းလှမ်း၌ အပေါ့သွားနေစဉ် သခင်လွင်ရောက်လာ၏။

"ကဲ-သခင်ဖေသန်း၊ ခင်ဗျား စိုးရိမ်နေမှာစိုးလို့ ဖွင့်မပြောတာ။ ဒီလိုရှိတယ်ဗျ၊ ကျွန်တော့်နောက်က ကားတစ်စီးနဲ့ ဗိုလ်ချုပ်တို့ မနက်ဖြန်လိုက်လာလိမ့်မယ်၊ အဲဒါ လှမ်းပြီးအကြောင်းကြားလိုက်ပြီ။ နောက်နေ့မှလာဖို့ အခြေအနေ မကောင်းဘူး၊ ဗိုလ်ချုပ်တို့ရဲ့ လှုပ်ရှားမှုမှန်သမျှကိုနယ်ချဲ့ကရော ဗမာအချင်းချင်းကရော နှောင့်ယှက်နေကြတယ်။ လာဗျာ"

သာခုအား တိုက်ပေါ်သို့ ခေါ်သွားပြီးမှ....

"ခုလည်း ဗိုလ်ချုပ်တို့လာမယ်ဆိုတာကို လမ်းကနေ တစ်ခုခုနှောင့်ယှက်လိမ့်မယ်လို့ သတင်းရထားတယ်"

"ဘာလဲဗျ၊ ဒီလိုတော့ ကျွန်တော့်ကို မလှန့်နဲ့ဗျာ။ အားလုံးအသင့်ဖြစ်နေပြီ၊ ခင်ဗျားတို့လည်းပြင်ကြတော့။ လာ... မောင်းမယ်"

ပြည်မှ ည ၁၁ နာရီလောက် ထွက်ခဲ့ကြရာဝယ် လမ်း၌ သခင်လွင်က ဆက်၍ပြောသေး၏။ ဗိုလ်ချုပ်သည် ကားလမ်းမှမလာတော့ဘဲ မီးရထားဖြင့် သွားလိမ့်မည် ဖြစ်ကြောင်း ပြည်မြို့တွင် သတင်းလွှင့်ထားခဲ့သည်ဟူ၍-။

ထို့နောက် ၁၅ မိုင်လောက်မောင်းမိသည်တွင် သခင်မောင်မောင်၊ သခင်ဘသက်ကြီးတို့အပြင် ရဲဘော်ဟောင်းအချို့ပါ ကားနောက်ပိုင်းတွင် လှုပ်လှုပ်ရွရွဖြစ်နေကြသည်။

"ဒီမှာ သခင်ဖေသန်း ကားကိုရပ်ခိုင်းရင် ရပ်မပေးနဲ့နော်၊ ယူနီဖောင်းနဲ့ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဆောင့်သာတိုက်ပစ်လိုက်ဗျာ"

mgyoe.com

mgyoe.com


"စိတ်ချ၊ ခုန ခင်ဗျားပြောကတည်းက ဒါစဉ်းစားပြီးသားပဲလေ။ နို့ ခင်ဗျားတို့ဆီလည်း ဟိုဟာတွေပါသားပဲ အသင့်လုပ်ထားပေါ့"

မှောင်ခိုလော လိုင်စင်နှင့်လောမသိ၊ စတင်းရော ပစ္စတိုရော လက်ပစ်ဗုံးပါ သူတို့ယူလာကြသည်။ ဘသက်ကြီးကပင် သာဓုအား ပစ္စတိုတစ်လက် ပေးသေးသည်။ လိုရမည်ရဟု။

"မကိုင်ချင်ပါဘူးဗျာ၊ ဒါတွေပစ်လည်း မပစ်တတ်ဘူး"ဟု ပေါင်းတည်မှ အထွက်တွင် သာဓု ပြောပြီး ငြင်းခဲ့ရသေးသည်။

နောက်တစ်နေ့လည်း သာဓု မအိပ်ရသေး၊ လက်ပံချေပေါ်အထိ ငိုက်ငိုက်နှင့်မောင်းခဲ့ရသည်။ ဘာအန္တရာယ်မျှ မတွေ့ရ။ သို့သော် ချောက်မြို့နှင့် လက်ပံချေပေါ်ကြားလော၊ ပုဂံနှင့် လက်ပံချေပေါ်ကြားလော မမှတ်မိတော့ပေ။ သဲလမ်းတစ်လျှောက် ကွေ့ကောက်မောင်းရသည်မှာ ကားလည်းနာ၊ လူလည်းမသက်သာ။ တစ်ခါတစ်ခါ သဲနစ်ပြီဆိုလျှင် (တစ်ချိန်တွင် ဝန်ကြီးဖြစ်လာမည့်) သခင်လွင်ပါ ဆင်းတွန်းရသည်။

နှစ်မိုင်လောက်မောင်းမိလျှင် တစ်ခါဆိုသလို တွန်းကြရ၍ သူတို့လည်း မသက်သာ၊ ကားလည်း စက်ပူသောကြောင့်-

"ကဲ-မတက်ကြနဲ့တော့ဗျာ၊ ကားလည်း ပေါ့ပေါ့ပါးပါးသွားရအောင် ခင်ဗျားတို့လည်း မတွန်းရအောင် လမ်းသာလျှောက်လိုက်ခဲ့ကြတော့"

စကားအဆုံးတွင် သာဓုလည်း ဝုန်းခနဲမောင်းထွက်သွားပြီး လမ်းကောင်းမည့် နေရာလောက်တွင် စောင့်ရ၏။ ကားလမ်းဟုပင် ဆိုရသော်လည်း အမှန်မှာ လှည်းများပင်ကြောက်သောလမ်း ဖြစ်၏။ သဲအလွန်ထူသည်၊ လမ်းဝဲယာတို့တွင်ကား ဆည်းပင်(ဆီးပင်)များဖြင့် ပြည့်နေသည်။ ဆီးသီးများလည်း ပွတ်နေသည်။ အသေးဆုံးပင် ငါးမူးစေ့လုံးခန့်ရှိသည်။ သာဓုလည်း အားပါးတရ ခူး၍စားသည်။ နွားကျောင်းသား

mgyoe.com

mgyoe.com


နှင့် ဆွမ်းခံကျောင်းသား သုံးလေးယောက်ကလည်း ဆီးပင်ကို လှုပ်ခါချပေးသည်။

''ဟော့… ဒီဆီးသီးတွေ ဘယ်သူမှ မခူးဘူးလား၊ မင်းတို့ကော မစားဘူးလား''ဟု သာစုက ထိုင်ကောက်ရင်း စားရင်းက မေးသည်ကို‥

''ဒီမှာက နွားတွေပဲ စားတယ်ဗျ''

သာစု ပြုံးဖြဲဖြဲ အောင့်သွားရသည်။ မကြာမီ သခင်လွင်တို့ ရောက်လာသည်။ ဘသက်ကြီးက စတင်းသေနတ်တကားကားနှင့် ဆီးသီးကောက်စားသည်။ နောက်အားလုံး ကုန်းကောက်ကြသည်၊ စားကြသည်။

အတိုချုပ်ကြစို့ဆိုလျှင် ထီးလင်း၌ ညီလာခံကျင်းပသည်။ ဆားများ တောင်ပုံရာပုံရောင်းချပေးရာ ချင်းအမျိုးသားများ အလုအယက်ဝယ်ကြသည်။ သာစုတို့ ငါးရက်မျှ နေခဲ့ရသည့်ကာလအတွင်း စိတ်မချမ်းသာဖွယ် အဖြစ်နှစ်ရပ်နှင့် ကြုံလိုက်ရသည်။

သာစုတို့နှင့်အတူပါသူ ရဲဘော်တစ်ယောက်သည် ညီလာခံမတိုင်ခင် နှစ်ရက်အလို၌ ချင်းမပျိုတစ်ဦးနှင့် ရည်းစားလုပ်သည်။ ဒုတိယနေ့တွင် ချိန်းတွေ့ရန် အစီအစဉ်လုပ်ကြောင်း သတင်းရ၍ ခေါင်းဆောင်ဖြစ်သူ သခင်လွင်အား တိုင်ကြားရန်ဖြစ်သော်လည်း သူကအရေးပေါ်ကိစ္စဖြင့် ပခုက္ကူဆင်းသွားသောကြောင့် အခြားသူများနှင့် တိုင်ပင်သည်။ အားလုံးလိုလိုက အဆိုပါရဲဘော်အား မပြောဝံ့၊ ရွံ့နေကြသဖြင့် သာစုလည်း သခင်ဘသက်ကြီးထံမှ ပစ္စတိုဆွဲကာ ပစ်နည်းပါမေးပြီး ထိုရဲဘော်ထံ ထွက်သွားသည်။

အဆင်သင့်ပင် ချင်းပျိုဖြူအိမ်နှင့် မလှမ်းမကမ်းတစ်နေရာတွင် ထိုရဲဘော်ကိုတွေ့၍ ကြားရသောသတင်း ဟုတ် မဟုတ်မေးရာ သူက ဝန်ခံသည်။

mgyoe.com

mgyoe.com


"ကောင်းပြီ၊ ခင်ဗျား ဒီကောင်မလေးကို တကယ်ချစ်သလား၊ လက်ထပ်ယူမလား"

သူ တွေးပြီး မျက်နှာကြီးရဲလာသည်။ နောက် သူ့ကုတ်အင်္ကျီထဲသို့ လက်နှိုက်လိုက်သည်။ သူတွင် သေနတ်ပါသည်ကို သာခု သိပြီးဖြစ်၏။ သာခုကမူ ပစ္စတိုကို ပြောင်ပြောင်ကိုင်ထားသည်။ သာခုအမေးကို သူ ရုတ်တရက်မဖြေ…။

"ခု ခင်ဗျားတို့ ကျွန်တော်တို့လာကြတာ ချင်း–ဗမာညီလာခံနော်၊ ချစ်ကြည်ရေးလည်း ပါတယ်။ အမှန်ချစ်ကြည်ဦးတော့ ခုနေအခါမှာ ရှောင်ရမယ် မဟုတ်လား၊ မတော်တဆ သံသယဖြစ်သွားရင် ဘယ့်နှဲ့လုပ်မလဲ။ ညီလာခံရော ချစ်ကြည်ရေးပါ ထိခိုက်မယ်…"

သူ အံကြိတ်နေသည်။

"နောက်ပြီး တကယ်လက်ထပ်ယူမယ်ဆိုရင်လည်း ညီလာခံပြီးမှ သူ့ထုံးစံဓလေ့အတိုင်း လူကြီးတွေနဲ့ တိုင်ပင်စေ့စပ်"

"ခင်ဗျားနဲ့ ဘာဆိုင်လဲ"

သူ့အသံ တုန်ခါနေပြီဖြစ်၏။

"ဟုတ်တယ် ခင်ဗျားအချစ်ကိစ္စ ကျွန်တော်နဲ့ မဆိုင်ဘူး။ လူမျိုးရေးနဲ့ဆိုင်တယ်၊ တိုင်းပြည်နဲ့ဆိုင်တယ်။ လွတ်လပ်ရေးအတွက် သွေးစည်းဖို့ လာကြတဲ့အချိန်မှာ ခင်ဗျားအချစ်က ပိုအရေးကြီးနေသလား"

သာခုတွင် စိတ်မထိန်းနိုင်ဖြစ်လာသည်။ အသားတွေလည်း တုန်လာသည်။ ဖြစ်လိုရာဖြစ်၊ ဤပြဿနာကို အသက်နှင့်လဲ၍ ကာကွယ်ရန် ဆုံးဖြတ်ပြီး ဖြစ်သည့်အတိုင်း–

"ဒီမှာရဲဘော်၊ ခင်ဗျား ချစ်တာကြိုက်တာနောက်မှ လုပ်ချင်သလိုလုပ်ပါ၊ ညီလာခံမပြီးမချင်းတော့ သည်းခံဖို့ ကျွန်တော်တောင်းပန်တယ်။ ကောင်မလေးလာတွေ့ရင်လည်း ပြန်လွှတ်လိုက်ပါ။ ဒါမှမဟုတ်ရင် ကျွန်တော့်ကို ပစ်သတ်"

mgyoe.com

mgyoe.com


သူ ဒေါသတကြီး ရှေ့တိုးလာသည်။ သာစုကလည်း နောက်မဆုတ်။ လူချင်းမှာ နှစ်ပေမျှသာ ကွာတော့သည်။

"ဒါပဲ ခင်ဗျားဖွတ်လုပ်မယ်ဆိုရင်တော့ ကျွန်တော်ပစ်ရလိမ့်မယ်"

ရဲဘော်လက်နှိုက်ထားသော ကုတ်အင်္ကျီအိတ်မှာ ခပ်ခါခါ လှုပ်သွားသည်။ သာစုကလည်း သူလက်ထုတ်သည်နှင့် မောင်းဖြုတ်မည်သာ ဖြစ်၏။

"သခင်ဖေသန်း ခင်ဗျားပြန်တော့ဗျာ"

"ရဲဘော်ပါလိုက်ခဲ့ရင် ပြန်မယ်"

"တောက်" ခနဲ သူခေါက်လိုက်သည်။

"ဒီကိစ္စကို ဗိုလ်ချုပ်သိသွားရင်။ ဟင် သူ့မျက်နှာမှ မထောက်ချင်တော့ဘူးလား"

ရဲဘော်သည် ထိုစကားကြားသည်နှင့် နှိုက်ထားသော လက်ကို ထုတ်ပြီး သာစုကိုဖက်သည်။ လက်နှစ်ဖက်စလုံးဖြင့် အားပါးတရဖက်သည်။ နောက် ဝမ်းနည်းပက်လက် ရှိုက်သည်။ သာစုက ပြန်ဖက်ရင်းဆွဲခေါ်ရာ အသာတကြည်ပင် လိုက်ပါလာသည်။

စင်စစ် သူသည် သတ္တိခေသူ မဟုတ်၊ တိုက်ပွဲအမျိုးမျိုးနွှဲလာသူ ရဲဘော်ဟောင်း ဖြစ်သည်။ ယခုလို သူလိုက်လျောသည်မှာ သာစုကို ကြောက်၍မဟုတ်၊ တိုင်းရင်းသား ချစ်ကြည်ရေးသွေးစည်းရေး ဆိုသည်ကို သဘာပေါက်သွား၍လည်းမဟုတ်။ "ဗိုလ်ချုပ်အောင်ဆန်း" ဟူသော အမည်ကို သာစု အချိန်မီသုံးလိုက်မိ၍သာ ဖြစ်သည်ထင်၏။

❑

mgyoe.com

mgyoe.com



# ဝက်အူလှည့် ရွေးကောက်ပွဲ

ခေတ်မှာ ဖ–ဆ–ပ–လတို့ ဘုန်းတန်ခိုးထွားနေသည့် အခါသမယ။ ပထမဆုံး မြို့ရွေးကောက်ပွဲ ပြုလုပ်တော့မည်အချိန်။ ‘‘သာခုက စာရေးဆရာပေါက်စ ဖြစ်နေဆဲကာလ’’ တစ်နေ့တွင် ကျားကူးကွက်သစ် သာခုတို့နှင့် မလှမ်းမကမ်းတွင်နေသော ကိုလှပို–မသန်း (ယခု မောင်မော်ဘရားသား၊ ဗိုလ်ချုပ်ဈေး)တို့နှင့်အတူ သခင်သိန်းမောင် ဆိုသူ (ယခင်က မသိဖူးသော)ရပ်ကွက်၊ မိတ်ဆွေ သာခုထံရောက်လာကာ…

‘‘ဒီမှာဗျ ဆရာဦးသာခု၊ ခု မြို့ရွေးကောက်ပွဲမှာ ဝင်ရွေးခံပါလား’’

ရပ်တရက် သာခု အံ့အားသင့်သွားသည်။ ဂျပန်ခေတ်လွတ်လပ်သော ရပ်သေးအစိုးရဖွဲ့ပြီးသည်မှ စ၍ ပါတီနိုင်ငံရေးကို စိတ်တုံးတုံးချ ကျောခိုင်းခဲ့သူ သာခုအဖို့ အဆန်းလိုဖြစ်သွား၏။

အလျဉ်းသင့်၍ အနည်းငယ်ရှင်းပြရန် လိုအပ်လာသည်မှာ အထက်၌ ‘‘ပါတီနိုင်ငံရေး’’ဟု ဆိုခဲ့သည့်အတိုင်း အလွန် ကျဉ်းမြောင်းသော၊ အာဏာရရေးသာ အဓိကဖြစ်နေသော၊ ပါတီမှိုလိုပွနေသော နိုင်ငံရေးကို သာခု ကျောခိုင်းခဲ့ခြင်းဖြစ်၏။

mgyoe.com

mgyoe.com


ဤတွင် ထပ်၍ရှင်းရန် လိုလာပြန်သည်မှာ ယခုစာအုပ် တစ်နေရာတွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံရေး၊ လူမှုရေး၊ ဆက်ဆံရေး၊ ရဲဘော်စိတ်ဓာတ်ခိုင်မာရေး စသည့် အကြောင်းတစ်ခုခုကြောင့် သို့မဟုတ် အားလုံးကြောင့် သာစုသည် သခင်သန်းထွန်း၊ သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်မြ၊ သခင်လေးမောင် စသူတို့နှင့် စိတ်သဘာထားချင်း မဟပ်မိကြစေကာမူ သူတို့တစ်တွေ ဘာကောင်မှ မဟုတ်ကြသောအခါ၊ (ဝါ) သူလိုငါလို သာမန်အရပ်သားများ ဘဝသို့ ပြန်ရောက်လာသောအခါတွင်ကား ခေါ်ပြောနှုတ်ဆက်မှု ရှိလာကြပြန်သည်။

တစ်ခါက သာစု 'ဘု' မှုတ်ခဲ့သဖြင့် အလွန်ဒေါသဖြစ်သွားသော ဂျပန်ခေတ်ဝန်ကြီး သခင်သန်းထွန်းသည် အင်္ဂလိပ်များပြန်ဝင်လာသည်နှင့် သူ ဆိုက္ကားကလေးစီးပြီး ခရီးနှင်နေရရှာသည်။ တစ်ညနေ သာစုက ဗဟန်းဈေးသို့ ပူတူတူးပေါင်ဒါများ သွားပို့စဉ် သခင်သန်းထွန်းကို ဆိုက္ကားပေါ်တွေ့လိုက်ရသဖြင့် သာစုကပင်လှမ်းခေါ်ပြီး လက်ဖက်ရည်သောက် ဖိတ်ရာ.....

"အတော်ပဲ၊ ကျွန်တော် ခင်ဗျားနဲ့ တွေ့ချင်နေတာ" ဟု သူက အပြုံးနှင့် လက်ခံ၏။

လက်ဖက်ရည်ဆိုင်ထဲ ရောက်ကြလေပြီ။ သာစုအား နိဒါန်းပျိုးစရာမလို၊ မကြိုက်ကြောင်း သူ သိထားသည့်အတိုင်း

"ခု.. ကျွန်တော်တို့ ကွန်မြူနစ်ပါတီ ဖွဲ့စည်းပြီးပြီ၊ အတော်လည်း ခရီးရောက်နေပြီ။ သခင်ဖေသန်း ကျွန်တော်တို့နဲ့ တွဲလုပ်ပါလား..."

ကွန်မြူနစ်ပါတီဝင်ရန် သာစုကို သူက ကမ်းလှမ်းသည်။ သာမန်အခွင့်အရေး မဟုတ်သည်ကို သာစု နားလည်၏၊ သခင်သန်းထွန်းတို့အုပ်စုသည် ကွန်မြူနစ်ပါတီသို့ ပေါ်ပင်သခင်၊ ပေါ်ပင်နိုင်ငံရေးသမားများကို လက်မခံ။

mgyoe.com

mgyoe.com

သို့တိုင်အောင် သာစုမှာ ပါတီနိုင်ငံရေးကို လုပ်လိုစိတ်မရှိတော့သောကြောင့် သူ၏ ဖိတ်ခေါ်ချက်ကို သာစု ဂုဏ်ယူကြောင်းနှင့် အခြေအနေက မပေးသေး၍ မပါဝင်လိုသေးကြောင်း ငြင်းဆန်လိုက်ရာ....

"စဉ်းစားပါဦး သခင်ဖေသန်းရာ၊ ခင်ဗျားလို လူတစ်ယောက် ကျွန်တော်တို့ ရမယ်ဆိုရင်..."

သို့လျှင် စကားအဆုံးမသတ်သေးဘဲ တွေးနေပြီးမှ သာစုကို ဆက်၍ အမွှန်းတင်နေတော့၏။

"သိပ်လည်း ထင်မထားပါနဲ့ဗျာ၊ ကျွန်တော်လည်း သူလိုငါလို.."

"မဟုတ်ဘူး သခင်ဖေသန်း၊ ခင်ဗျားကို ကျွန်တော် သေသေချာချာ နားလည်ထားတယ်။ စစ်မဖြစ်မီ အင်္ဂလိပ်ခေတ်တုန်းက (ဒုတိယ ကမ္ဘာစစ် မတိုင်မီ) ခင်ဗျားတို့ ရန်ကုန်အလယ်ပိုင်း တို့ဗမာအစည်းအရုံးက ဆုံးဖြတ်ချက်တစ်ခုခုချလိုက်ရင် တစ်ပြည်လုံး ဂယက်ရိုက်ရုံမကဘူး၊ တို့ဗမာအစည်းအရုံး ဌာနချုပ်ကိုပါ အဖျားခတ်ခတ်သွားတယ်။ ဒါတွေ ဟာ ခင်ဗျားလက်ချက်ချည့်ပဲ သိတာပေါ့"

(သခင်သန်းထွန်း ဆိုလိုသည့် အကြောင်းအရာအစုံကို တစ်နေ ရာတွင် ရှုပါ။)

"ထားပါတော့လေ၊ ခု ကျွန်တော်မှ ပါတီနိုင်ငံရေးကို စိတ်မဝင် စားတော့ဘဲ"

ဟုတ်ပြီလေ၊ စိတ်မဝင်စားတာ ဝင်စားတာက ခင်ဗျားဆန္ဒ၊ စိတ် ပါလာအောင် ဆွဲဆောင်ရမှာက ကျွန်တော့်တာဝန် မဟုတ်လား။ ဒီတော့ ဒီတော့ ကျွန်တော် ဖွင့်ပြောရမှာပဲ။ ဒီမှာ သခင်ဖေသန်း၊ ခင်ဗျားလည်း မှတ်မိမှာပေါ့။ တရားပွဲ ဟောပြောပွဲ တစ်ခုခုမှာ ခင်ဗျားနဲ့ ကျွန်တော်တို့ ဆုံမိကြတိုင်း ကျွန်တော်တို့ သခင်သိန်းမောင်ကြီးတို့ သခင်အောင်ဆန်း တို့က ဘိုးစိန်ကြီးလို နောက်မှထွက်မယ်ဆိုပြီး ခင်ဗျားတို့ကို ရှေ့တန်းတင်

mgyoe.com

mgyoe.com


ပေးလိုက်ရော၊ ခင်ဗျားထိပ်ဆုံးကနေ ဒေါက်ဒေါက်ဒက်ဒက်နဲ့ ပြောချ သွားတာ ကျွန်တော်တို့အလှည့်ရောက်တော့ ပြောစရာ အချက်အလက် မကျန်သလောက် ဖြစ်သွားခဲ့ဖူးတာတွေလေ''

သာစု ခေါင်းညိတ်ရုံ ညိတ်လိုက်သည်။

''အင်း- ကျွန်တော်တို့မှာ ''အဲ အဲ သခင်ဖေသန်းပြောသွား သလိုပါပဲ''နဲ့ ပြီးသွားရတယ်။ အဲသလို ခင်ဗျား ပိုင်ပိုင်နိုင်နိုင် ပြော တတ်တာရယ်၊ ပြီးတော့ ကျွန်တော် ဝန်ကြီးဘဝမှာတောင် ခင်ဗျား မှန်တယ်ထင်ရာကို ရဲရဲကြီး ပြောချလိုက်တာရယ်။ ဒီစိတ်ဓာတ်မျိုး၊ အရည်အချင်းမျိုး ရှိတဲ့လူတွေ ကျွန်တော်တို့ အများကြီးလိုတယ်''

သာစုကမူ တွင်တွင်သာ ခေါင်းခါခဲ့၏။ (အကယ်လို့ ထိုစဉ်က သာ သူ့ပါတီဝင်သူနှင့်အတူ တောခိုခဲ့မိချေက ထိုမဟုတ်မခံ စိတ်ဓာတ် ကြောင့်ပင် ဖြုတ်-ထုတ်-သတ်-ထဲ ပါသွားမည်မှာ သာစု အရိုးဆွေး လောက်ပေပြီ)

သူက ဆက်လက်၍ ဇွတ်ပြောသေးသည်။ သာစုကလည်း ဇွတ်ပင် ငြင်းဆန်ရာမှ နောက်ဆုံး ''စဉ်းစားပါ့မယ်ဗျာ''ဟုပြောလိုက်မှ မကျေ မနပ် လေသံဖြင့်.....

''အေးလေဗျာ၊ ကျွန်တော်တို့ ကွန်မြူနစ်ဝါဒကို မကြိုက်လို့ဆို လည်း တစ်ခုခုတော့လုပ်ဗျာ။ ခု သခင်မြတို့လည်း ဆိုရှယ်လစ်ပါတီ ထောင်ကြလိမ့်မယ် ဝင်လုပ်ချင်လုပ်ပါ၊ ဒီအတိုင်းတော့ ဘေးဖယ်မနေ စေ့ချင်ဘူး။ သခင်ဖေသန်းလို လူတစ်ယောက် နိုင်ငံရေးက ကြဉ်သွားတာ တိုင်းပြည်နာတယ်။ ဖဆပလထဲဖြစ်ဖြစ် ဝင်လုပ်ပေါ့ဗျာ၊ နောက်ဆုံး တိုင်းပြည်အတွက် တစ်ခုခုတော့...''

''ဒီစကားကိုတော့ ကျွန်တော် လက်မခံနိုင်ဘူး သခင်သန်းထွန်း၊ ကျွန်တော် နိုင်ငံရေးကြဉ်သွားလို့ တိုင်းပြည်နာတယ်ဆိုတာ။ လွတ်လပ်

mgyoe.com

mgyoe.com


ရေး ဗိမာန်ကြီးတည်ထောင်ရာမှာ အုပ်တစ်ချပ် လုပ်သလောက်ရှိမှာပါ၊ ဘယ်သူ ဝင်ဖြည့်ဖြည့်ရပါတယ်။ တကယ်လို့ ကျွန်တော်ပါဝင်ဆောက်လို့ တစ်ခုခုမှားသွားရင် ဒီဗိမာန်ကြီး တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တစ်ခြမ်းသော်လည်းကောင်း ပျက်စီးသွားနိုင်စရာ မရှိဘူးလား။ ခင်ဗျားက ကျွန်တော့်ကို အရေးကြီးတဲ့အဆင့်မှာထားပြီး ပြောနေတော့ မှားစရာရှိလည်း အရေးကြီးကြီးမှားမယ် မဟုတ်လား"

ဤတွင် သူ အစိပ္ပာယ်ပါပါပြုံးလိုက်ပြီးမှ...

"ဒါကြောင့် ခင်ဗျားကို လိုချင်တယ် ပြောတာပေါ့။ အေးလေ ဘာဖြစ်ဖြစ် စဉ်းစားဦးပေါ့ဗျာ၊ တွေ့လည်းတွေ့ကြသေးတာပေါ့ ဟုတ်လား။ ခင်ဗျားကို ဖြစ်စေချင်တာက တိုင်းပြည်အတွက် တစ်ခုခုတော့..."

ထိုစကားကို အဆုံးမသတ်ဘဲ ထ သည်နှင့် သာခုက သူ၏ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ကို စုံစမ်းပြီး ငွေ ၂၀ဝ ပေးလိုက်၏။

ထိုစဉ်က သာခု ပေါင်ဒါလုပ်ရောင်းနေသည်။ ထိုနေ့ညက တစ်ညလုံး အိပ်မပျော်၊ "တိုင်းပြည်အတွက် တစ်ခုခုတော့" ဟူသော သခင်သန်းထွန်း၏ စကားသည် နားထဲမှ မထွက်ဘဲ ဘာလုပ်ရမည်ကို တွေးမရတိုင်း အိပ်မပျော်နိုင်ဖြစ်နေခဲ့ရ၏။

"ခင်ဗျားလိုလူတစ်ယောက် နိုင်ငံရေးက ကြဉ်နေတာ တိုင်းပြည်နာတယ်"

သူ့စကားသည် စင်စစ် သာခုနှင့် အလှမ်းဝေးလွန်းသည် ထင်၏။ သူ့ပါတီဝင်ရန် ပင့်လိုက်ခြင်းလောဟုလည်း တွေး၏။ မည်သို့ဖြစ်စေ တိုင်းပြည်အတွက် တစ်ခုခုလုပ်သင့်သည်ကိုကား သခင်သန်းထွန်း ဖော်လိုက်မှ သာခု တွေးရန်ပေါ်လာသည်မှာ အမှန်။

mgyoe.com

mgyoe.com


တိုင်းပြည်အတွက် ''ဘာတစ်ခုခု'' လုပ်ရမည်နည်း။ နောက်ဆုံး အတွေးပေါက်သည်ကား ''ဘက်မလိုက်သတင်းစာ'' တစ်စောင် ထူထောင်ရန်ဖြစ်လျက် အဘက်ဘက်မှ ကျွမ်းကျင်မှု ရယူလိုသေးသည့် အတိုင်း တတ်အားသမျှ ပုံနှိပ်စက်ကလေးတစ်လုံးဖြင့် ပဏာမပျိုးခဲ့ရာမှ တိုင်းရေးပြည်ရာ သတင်းစာအယ်ဒီတာမဖြစ်ဘဲ အချစ်၊ အိမ်ထောင်ရေး စာရေးဆရာဖြစ်မှန်းမသိ ဖြစ်ခဲ့ရ၏။

ဤသည်လည်း အများပြည်သူတို့၏ အချစ်၊ အိမ်ထောင်ရေး၊ ပြုပြင်ရေး၊ ကိုယ်ကျင့်တရား ရေးရာများ ရေးသားနိုင်ခဲ့သည် ဖြစ်သောကြောင့် ''တိုင်းပြည်အတွက် တစ်ခုခု''အနေဖြင့် အကျုံးဝင်သွားပေပြီ။ သခင်သန်းထွန်း၏ စေ့ဆော်ချက်ပင်ဖြစ်၍ 'ကောင်းရာသုဂတိလားစေသော်'ဟု သာစုဆုတောင်းရမည်သာဖြစ်၏၊ ဆုလည်း အမြဲတောင်းပါ၏။

ထိုနည်း ၄င်းအတိုင်းပင် သခင်မြ၊ သခင်လေးမောင်၊ သခင်အောင်ဆန်းတို့နှင့်လည်း လူလူချင်းအနေဖြင့် သာစု အခင်အမင် မပျက်ခဲ့။ (တစ်နေရာတွင် ရှုပါ။)

သို့လျှင် သာစု ပါတီနိုင်ငံရေးကို မလုပ်လိုတော့ဘဲ ပုံနှိပ်စက်ဖွင့်၊ စာအုပ်တိုက်ထောင်ကာ သတင်းစာထုတ်နိုင်ရေးအတွက် လုံးပန်းနေခိုက် အထက်ပါအတိုင်း မြူရွေးပွဲဝင်ရန် လာပြောသည်၌····

''ဟာ··· ကျွန်တော် ဝင်အရွေးမခံချင်ဘူး၊ ဒါတွေလည်း မလုပ်ချင်တော့ဘူး၊ ခင်ဗျား ဘာစိတ်ကူးရပြီး လာပြောနေတာလဲ''

''ဒီ ဖဆပလတွေ ဆောင့်ကြွားကြွားနိုင်လွန်းလို့၊ ပြီးတော့ သူတို့လုပ်တဲ့ပုံတွေလည်း မကြိုက်လို့။ အဲဒါမနေ့ကတစ်နေ့လုံး ညကလည်း တစ်ညလုံး ကျွန်တော်တို့ဆွေးနွေးကြတယ်။ တိုက်ရမှာကမလွယ်ဘူးဗျ၊ မြို့တော်ဝန်လောင်း ဦးသိမ်းမောင်ကလည်း ရောမပုဂ္ဂိုလ်ဖြစ်နေတာနဲ့ သခင်ဖေသန်းကို တိုက်တွန်းဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ကြတယ်''

mgyoe.com

mgyoe.com


"ဟား… ကျွန်တော်ကတော့ ရောမပုဂ္ဂိုလ်မို့လား၊ တောက်တီး တောက်တဲ့ဗျာ"

"ခင်ဗျားက စာရေးဆရာမဟုတ်လား၊ ပရိသတ်ရှိတယ်ဗျ။ အဲဒီတော့ တစ်သီးပုဂ္ဂလအနေနဲ့ ဝင်ပြိုင်ဗျာ၊ အားလုံးလိုအပ်တာတွေ ကျွန်တော်တို့ စီစဉ်လိုက်မယ်"

အတိုချုပ်ရသော် သာခု အတန်တန်ငြင်း၏။ မရ။ ဗွတ်အရွေးခံခိုင်းသူများတွင် ဆန်းဦးထွန်းရင်၊ ပန်းပုဦးလွင်၊ ရှုမဝဦးကျော်၊ ကိုကျော်မြ တို့လည်းပါ၏။ ကျားကူး၊ မင်းမနိုင်၊ ယောက်လမ်း၊ ထန်းတောကွက် သစ်သာမက ကန်တိုမင်တိုက်နယ်မှ ဖဆဆန့်ကျင်သူ တော်တော်များများ က လာ၍ အားပေးကြသည်။ တိုက်တွန်းကြသည်။ ဘကြီးဘဖေကိုယ်တိုင်ကပင် လက်ဖက်ရည်သောက်ဖိတ်၍ ထောက်ခံရင်း‥

"မောင့်ကို စာရေးဆရာ သာခုအနေနဲ့ လေးစားလို့ တိုက်တွန်း နေကြတာနော်၊ မောင်သာခု အပြတ်အသတ်နိုင်မှာ သေချာတယ်"

ဤအထိ သာခု စဉ်းစားဆဲပင် ရှိသေးသည်။ အကြောင်းသော်ကား သာခုစိတ်ကို သာခုသိသည်။ စမိလျှင် နောက်မဆုတ်ချင်၊ မြူလူကြီး အရွေးခံရသော် နိုင်ငံရေးစိတ် ပြန်ဝင်လာမည်။ ဆက်တိုက်လုပ်မိချေ တော့မည်။ ပါတီ အဖွဲ့အစည်းတစ်ခုခုသို့ဝင်ရန် အကြောင်းပေါ်လာ မည်။ သာခုသည် နယ်ချဲ့ကိုသာ တိုက်လိုသည်။ ဗမာချင်း ရန်မဖြစ်ချင်။

သို့တိုင်အောင် ဘကြီးဘဖေ၏ နောက်ဆုံးစကားတစ်ခုဖြစ်သော‥

"အေးလေ မောင်သာခု စဉ်းစားပေါ့။ ကိုယ့်ကို လေးစားလို့ တိုက်တွန်းသူတွေကို ကိုယ်က ပြန်လေးစားရမယ် မဟုတ်လား"

ထိုစကားသည် သာခုအား အလေးအနက် စဉ်းစားခိုင်းသလို ရှိနေ သည်၏အဆုံး၌ အာမခံငွေပေါသွင်း၍ အဆင်သင့်လုပ်လာကြသော စာ ရွက်စာတမ်းများတွင် သာခု လက်မှတ်ရေးထိုးလိုက်ကာ အစစပြင်ဆင် ရတော့၏။

mgyoe.com

mgyoe.com


သတင်းစာများတွင် သာစုအရွေးခံမည့်အကြောင်း ပါလာပြီးနောက် တစ်နေ့တွင် သခင်လှကျော် (ဆိုရှယ်နီအဖြစ် ခွဲမထွက်သေး)နှင့် အခြား ဖ-ဆ တစ်ဦးတို့ ရောက်လာကာ…

"ဟော့ သခင်ဖေသန်း ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျားဒါတွေ ပြန်လုပ်ချင်ရင် ပြောပါလားဗျာ။ ခုတော့ ကျွန်တော်တို့ ရဲဘော်ရဲဘက်ချင်း ထတိုက်သလို ဖြစ်နေပြီ။ သခင်နုကလည်း တွေ့ချင်နေတယ်၊ ခဏလိုက်ခဲ့ပါလားဗျာ"

သာစု ခေါင်းခါလိုက်၏။ နောက် ရပ်ရွာနှင့် စာပေလူထု၏ ဆန္ဒကို မလွန်ဆန်နိုင်၍ ဝင်လိုက်ရကြောင်း၊ ဖ-ဆကို တိုက်သည်မဟုတ်ဘဲ အမှန်တရား ဆန့်ကျင်သူများကိုသာ ရင်ဆိုင်ရန်ဖြစ်ကြောင်း ပြောလိုက်သဖြင့် တစ်ကြိမ်က အလွန်ချစ်ခင်သော ရဲဘော် သခင်လှကျော်လည်း စိတ်မကောင်းကြီးစွာဖြင့် ပြန်သွား၏။

တစ်ပတ်ခန့် အကြာတွင် အလွန်အရေးပါသည့် ဒုတိယတန်းစား ဖ-ဆ ခေါင်းဆောင်တစ်ဦး (အမည်မဖော်သင့်ထင်၏။) ရောက်လာပြန်ကာ သာစုအား ယခုအရွေးခံမည့်နေရာမှ နုတ်ထွက်ပြီး အခြားရပ်ကွက်တစ်ခုမှ ဝင်အရွေးခံ၊ ဖ-ဆကိုယ်စားလှယ်က ဖယ်ပေးမည်။ သာစုကလည်း ဖ-ဆ အနေဖြင့် အရွေးခံရန် စသည်ဖြင့်ဆွယ်၏။ သာစုကလည်း ခေါင်းခါမြဲခါသည်။

"ခင်ဗျား ပုံနှိပ်စက်က အတော်အိုနေပြီပဲ၊ အသစ်လျှောက်ပါလား။ စက္ကူတို့ ပုံနှိပ်မင်တို့ပါ အင်ပို့လိုင်စင် လျှောက်လေဗျာ၊ အနည်းဆုံး လေးငါးသောင်းဖိုးလောက်ပေါ့"

သူ့စကားကို သာစု နားလည်သည်။ သာစုက ယဉ်ကျေးစွာဖြင့် ထိုမျှငွေ သာစုတွင် မရှိကြောင်း၊ မလျှောက်လိုကြောင်းလောက်သာ ငြင်းဆန်လိုက်သည်ကို…

mgyoe.com

mgyoe.com


"သခင်ဖေသန်းကဗျာ လိုင်စင်ရဖို့သာ အဓိကပါဗျ"

သူဆိုလိုသည်မှာ လိုင်စင်လျှောက်၊ ရလျှင် ရောင်းစား ဟူသည့် ထိုခေတ်က အင်ပို့လိုင်စင် သောင်းကျန်းစနစ်ကို ပြောရင်း ဆွယ်နေသည်။ ဤသို့ သိက္ခာကို ထိပါးလာသော် သာစု စိတ်ဓာတ် ဖျတ်ခနဲ တင်းမာလာတတ်သည့်အတိုင်း····

"ကဲ··· ခင်ဗျား မြန်မြန်ပြန်ရင်ကောင်းမယ်၊ ခင်ဗျား နိုင်ငံရေး သမား လုပ်နေပြီး ဖောက်ပြန်ရေးပညာတွေ လာသင်နေတာလား"ဟု မောင်းထုတ်လိုက်ရ၏။

သာစုမှာ မူလစိတ်ထားအတိုင်း အေးအေးနေခဲ့လျှင် ကောင်းလေစွ၊ ယခုမူ အများ၏ ဆန္ဒအလျောက် အရွေးခံရန် လက်မှတ်ထိုးမိသဖြင့် အမျိုးမျိုးသော ပြဿနာနှင့် တိုးနေရသည်။ အပြိုင်အရွေးခံရန် နာမည် စာရင်းသွင်းထားသူများမှာ ဦးသိမ်းမောင်၊ သာစုနှင့် အခြားတစ်ဦး။

ထိုတစ်ဦးကလည်း လာပြန်ချေသေးသည်။ သူသည် အရွေးခံ တိုက်နယ် ရပ်ကွက်တစ်ခုမှ သူကြီးဖြစ်လျက် သူ့မဲများ သာစုကိုပေးစေမည်။ သူကမူ ဟန်လောက်သာနေမည်။ သူ့ကိုငွေ ၁၅၀၀ိ ပေးပါဟု ဈေးခေါ်သည်။ ခေါင်းခါလိုက်သောအခါ တစ်ရက်ခြား ဈေးကျသွားသည်။ ၁၀၀၀ိ၊ ၇၅ဝိ၊ နောက်ဆုံး ၅၀၀ မလျှော့နိုင်ဟုဆိုသည်။ သာစု ကမူ···

"ဒီကိစ္စနဲ့ပတ်သက်ပြီး လာကိုမလာနဲ့တော့" ဟု အော်ပစ်လိုက်ရသည်။

ပြဿနာကား ဤတွင်မရပ်သေး။ တစ်နေ့သော ညနေ ၆-နာရီခွဲ လောက်တွင် ပုဇွန်တောင် မြူလူကြီးဟောင်း ဒေါ်တင်ရောက်လာပြီး "ရွေးကောက်ပွဲကိစ္စ အရေးကြီးသော စကားပြောလို၍"ဟု လာခေါ်သဖြင့် လိုက်သွားသည်။ ဒေါ်တင် (မမတင်မှာ မောင်ဝဏ္ဏတို့ အမေနှင့်

mgyoe.com

mgyoe.com


လည်း ဆွေမျိုးစပ်တော်သူ ဖြစ်၏) လက်ညှိုးညွှန်ရာ ကားမောင်းခဲ့၍ ရွှေတိဂုံဘုရားအနီးသို့ ရောက်မှ သာစုကမေးမိသည်။

"ဘယ်သွားမှာလဲ မမတင်"

"အေး မောင်ဖေသန်းကို အစ်ကိုကြီးက တွေ့ချင်လို့တဲ့"

"ဘယ်အစ်ကိုကြီးပါလိမ့်"

"ဒေါက်တာ ဘမော်"

သာစုလည်း ကားကို ဦးဘရီဇရပ်ရှေ့တွင် ထိုးရပ်လိုက်၏ (ထိုစဉ် ကဝဲမောင်းစနစ်။)

"နို့…မမတင်ပြောတော့ မြို့ရွေးပွဲကိစ္စ တိုင်ပင်စရာအရေးကြီးလို့ ဆို"

"အေးလေ မင်း သေချာပေါက် မနိုင်ချင်ဘူးလား။ ခုရွေးကောက်ပွဲမှာ"

စကားအသွားအလာကိုက သာစုရိပ်မိပြီ။ သို့သော် တိတိကျကျသိလိုသည်နှင့် သာစုက ခေါင်းညိတ်လိုက်၏။

"ဒီလိုလေ မောင်လေးဖေသန်းရဲ့ မင်းရေးပြီးရိုက်ဝေတဲ့ ကြေညာချက်ကို အစ်ကိုကြီးဖတ်ရတော့ "သာစုဆိုတာ ဘယ်သူလဲ"တဲ့။ ဦးဖေသန်း ခေါ် စာရေးဆရာ သာစုဆိုပြီး လက်မှတ်ထိုးထားတော့ သူမရှင်းဘူးထင်ပါရဲ့။ ဒါနဲ့ မမတင်က ကျွန်မမောင်တော်တယ်လို့ ပြောတော့ အဲ–အဲ အစ်ကိုကြီးတပည့် မောင်မြိုင်ကိုလည်း သူကစုံစမ်းခိုင်းထားတာကိုး" မမတင်စကားများ တစ်ဆက်တည်း ဇာတ်စုံခင်းနေ၍ ရှုပ်သွားသောကြောင့် သာစုက ထပ်မေးသေး၏။

"ဒီလို–ဒီလို မောင်လေးဖေသန်းရဲ့၊ ကြေညာချက်ဖတ်ပြီး အစ်ကိုကြီး ဒေါက်တာဘမော်က အတော်သဘောကျနေတာနဲ့ မောင်မြိုင် (ယခုကျောက်ကုန်းတွင်နေသူ)ကို စုံစမ်းခိုင်းတော့ မမတင်ရှေ့တင်ပဲ

mgyoe.com

mgyoe.com


သူ ပြောတယ်။ 'ကုန်ဈေးတန်းသခင်ဖေသန်း ဆိုတာသူပဲ' ဆိုတော့ အစ်ကိုကြီးက သိပ်ဝမ်းသာသွားတယ်။ ဒါနဲ့ချက်ချင်းပဲ မမတင်ကို ခေါ်ခိုင်းတာနဲ့ ခုထွက်လာတာပဲ"

စကားသဘောအသွားကို ခြားခြားနားနား ရှင်းသွားပြီ ဖြစ်သော်လည်း ထပ်၍ သိလိုသေးသည်နှင့်...

"ခေါ်ခိုင်းပြီးတော့ ကျွန်တော်ကို မဟာဗမာ မြို့လူကြီးလောင်း အနေနဲ့ အရွေးခံခိုင်းမယ်ဆိုပါတော့"

(မဟာဗမာအဖွဲ့သည် ဒေါက်တာဘမော်၏ ပါတီ)

"နေပါဦး မမတင် ရှင်းပြဦးမယ်။ ခု မောင်ဖေသန်း ပြိုင်ရမှာ သုံးယောက်နော်၊ ဟို-ကျားကူးကွက်သစ်သူကြီးဆိုတာက မဟာဗမာ အနေနဲ့ ကုန်ကျစရိတ်ပါ အစ်ကိုကြီးကပေးပြီး အရွေးခံခိုင်းထားတာကွဲ့၊ ရှင်းပလား။ အဲ... တကယ်လို့ မောင်ဖေသန်းက ဒေါက်တာဘမော်နဲ့ တွေ့ပြီးလို့ မဟာဗမာအနေနဲ့ အရွေးခံဖို့ သဘောတူရင် ကျားကူးကွက် သစ်လူကြီးကို နုတ်ထွက်လွှာ တင်ခိုင်းလိုက်မယ်တဲ့၊ ဒါမှမဟုတ်လည်း သူနဲ့ပတ်သက်သမျှ မဲဆန္ဒတွေ မောင်ဖေသန်းရအောင်ကျိုတ်ပြီး ထည့်ခိုင်းဖို့ အစီစဉ်ရှိတယ်"

မဖြစ်နိုင်၊ လုံးဝမဖြစ်နိုင်။ မူလကတည်းက ပါဝင်အရွေးခံလိုစိတ် မရှိခဲ့ဘဲ ရပ်ကွက်ကရော သာခု၏ စာရှုပရိသတ်ကပါ တိုက်တွန်း၍ လက်ခံပြီး "တစ်သီးပုဂ္ဂလ" အမည်ဖြင့် စီစဉ်ခဲ့သည်။ ယခုမှမဟာ ဗမာ၏ ကိုယ်စားလှယ်အဖြစ်ပြောင်းရမည်ဆိုသော် နိုင်ငံရေးအရ ထို ထက် ရှက်စရာကောင်းသော လုပ်ဆောင်ချက်သည် ရှိနိုင်တော့မည် မဟုတ်။

"ဘာ စဉ်းစားနေတာလဲကွဲ့၊ အော် တစ်ခုလည်း မှာလိုက်သေး တယ် သခင်ဖေသန်းကိုပြောပြပါတဲ့၊ တစ်သီးပုဂ္ဂလအနေနဲ့ပဲ အရွေးခံပြီး

mgyoe.com

mgyoe.com


နောက်မှ ကြည့်လုပ်တာပေါ့တဲ့။ လိုအပ်တဲ့ အကူအညီအကုန်ရမယ်။ ခုကော မင်းပိုက်ဆံ ဘယ်လောက်ကုန်နေပြီလဲ၊ အဲဒါထက်မကရအောင် မမတင် ပြောပေးမယ်လေ''

ထိုစကားသည် စောစောကရေးခဲ့သည့် ''အင်ပို့ လိုင်စင်ရမယ်'' ဟူသော မြှုလုံးကဲ့သို့ ဖြစ်နေရုံသာမက လူကောင်းတစ်ယောက်ကို သစ္စာဖောက်သင်ပေးသည့် သဘောမျိုး အများဆုံးပါနေသောကြောင့်-

''တော်ပါတော့မမတင်၊ ဒီကိစ္စကတော့ လုံးလုံးမဖြစ်နိုင်ဘူး။ ဆရာကြီးကိုလည်း ပြောပြလိုက်ပါ။ တစ်နေ့သောအခါမှာ ပြတ်ပြတ်သားသားလုပ်ရမယ့်ကိစ္စပေါ်ရင် အချိန်မရွေးခေါ်ပါလို့နော်။ ခုဟာကတော့ အတော်မကောင်းတဲ့အလုပ်ပဲ မမတင်။ ကျွန်တော့်ကို စေတနာမေတ္တာနဲ့ အရွေးခံခိုင်းတဲ့လူထုကို ကျွန်တော်မလိမ်ချင် မညာချင် မညစ်ပတ်ချင်ဘူးဗျာ''

မမတင် ငိုင်သွားသည်။ အတော်ကြာအောင် စကားမပြောနိုင်ဘဲရှိနေစဉ် သာခုလည်း ကားကိုပြန်ကွေ့ကာ ပုဇွန်တောင်ဘက် မောင်းထွက်ခဲ့၏။ သူ့အိမ်ရှေ့ရောက်၍ ကားပေါ်မှ အဆင်းတွင်...

''အေးလေကွယ်၊ ဒီတစ်ညတော့စဉ်းစားလိုက်ပါဦး။ မနက်ဖြန် ၁၀ နာရီလောက် မမတင် လာခဲ့ဦးမယ်''

''မဖြစ်ပါဘူး မမတင်၊ နိုင်ငံရေးမှာ တစ်သက်လုံး အငြိအစွန်းမရှိခဲ့တာ ခုမှ ယုတ်မာရမယ်ဆိုရင်''

သို့လျှင်ဆက်၍ ဖဆပလမှ တစ်နေရာပေးသည့်ကိစ္စပါ ပြောပြလိုက်ရသေး၏။

ထိုမြှုရွေးပွဲတွင် သာခုက မြို့တော်ဝန်လောင်း ဦးသိမ်းမောင်ဖဆကို ၈၂မဲဖြင့် ကပ်၍ရှုံးသွားသည်။ မကြာမီ ဦးသိမ်းမောင်လည်း မြို့တော်ဝန်ဖြစ်သွားသည်။

mgyoe.com

mgyoe.com


ထို့နောက် တစ်နှစ်သာသာကြာသောအခါ "တပ်ထဲက မြတ်ကိုကို" ဝတ္ထုဖြင့် သာခုအား စာပေဗိမာန်ဆုချီးမြှင့်မည့်အခမ်းအနားတွင် ဦးသိမ်းမောင်အား တွေ့ရသည်။

"ဒီမှာ ကိုသာခု စာပဲရေးပါ၊ စာများများရေးပါ ဒီမြူရွေးပွဲတို့ အမတ်ရွေးပွဲတို့ အိုဗျာ… ဘာမှဝင်မလုပ်ပါနဲ့"

သို့-တုံးတိတိကြီးပြောလိုက်သောကြောင့် သာခုပင် ယောင်ချာချာ ဖြစ်သွားကာ အကြောင်းအရင်းကို ရှင်းပါရန် မေတ္တာရပ်လိုက်မှ…

"ခင်ဗျားစာတွေကို ကျွန်တော်လည်းဖတ်တယ်၊ တစ်အိမ်လုံးလည်း ဖတ်တယ်၊ သိပ်ကြိုက်တယ်။ ရှင်းရှင်းဝန်ခံမယ်ဗျာ၊ ကိုသာခုကို ကျွန်တော် ကြည်ညိုတယ်။ ကဲ…ကဲ ဘယ်အထိ လေးစားတယ်ဆိုတာ ထင်ရှားအောင် ပြောရမယ်ဆိုရင် မြူရွေးကောက်ပွဲတုန်းက အမှန်အတိုင်း ဆို ကျွန်တော်ရှုံးတယ်၊ ခင်ဗျားက အပြတ်အသတ်နိုင်တယ်"

"ဟောဗျာ"

"အဲဒါပဲ ကျွန်တော်အတွက် ဆောင်ရွက်ပေးတဲ့ (ဖ-ဆဆိုရှယ်) တွေက မဲလိမ်မဲခိုးလုပ်လို့ပေါ့၊ နို့မိုရင်"

ဦးသိမ်းမောင်လည်း ခပ်လှမ်းလှမ်းသို့ သာခုအား လက်ညှိုးညွှန်ပြရင်း-

"သူ့ကို သိလား"

"သိတာပေါ့ ဟိုတုန်းက နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်တွေပဲ"

"သိပ်လည်တဲ့လူ ကိုသာခု၊ သူကြောင့် ကျွန်တော်နိုင်တာ။ ခင်ဗျားကတော့ အဲဒီနေ့က မဲရုံနားမှာပဲ ရပ်နေတာနော်။ သူကတော့ ရဲဘော်ဝါတွေရော အဲဒီတုန်းက စစ်ပြေးဒုက္ခသည် စခန်းလေ၊ ကြားမိဖူးမှာပေါ့၊ မလက်တိုရွာက စစ်ပြေးဒုက္ခသည်တွေ၊ အဲ-အဲဒီ မလက်တိုရွာ ဒုက္ခသည်တွေကိုပါ ကားကြီး၊ ကားငယ်နဲ့တင်လာပြီး မဲမထည့်ရသေးတဲ့ နာမည်တွေနဲ့ အကုန်ကျုံးထည့်သွားတာပဲ"

mgyoe.com

mgyoe.com


သာစု ပါးစပ်အဟောင်းသား ငေးနေမိ၏။ ဖ–ဆမြို့တော်ဝန် တစ်ယောက်အနေနှင့် ဤစကားမျိုး ပြောထွက်လိမ့်မည် မထင်မိ။

"အဲဒါတွေ… ဦးသိရတော့ တော်တော် ရှက်မှာပဲနော်"

"အိုဗျာ… မျက်နှာတောင် ဓားနဲ့ လှီးပစ်ချင်တယ်"

"နို့…. ဘာပြုလို့ အရွေးခံသေးလဲ ဒါဖြင့်…"

"အဲဒီအချိန်မှာ သူတို့နဲ့ မကင်းနိုင်သေးဘူးလေ၊ ထမင်းအိုးကလည်း အကွဲမခံနိုင်သေးတော့ အင်း… သားတွေ သမီးတွေနဲ့။ ခုတော့ တော်ပါပြီဗျာ။ ဒါနောက်ဆုံးပဲ၊ ရှေ့လျှောက် ဘာမှဒီလို မသန့်ရှင်းတာတွေ မလုပ်တော့ဘူး ကျွန်တော် ဆုံးဖြတ်ပြီးပြီ"

သာစု ဘာပြန်ပြောရမည်မသိ၊ အကယ်၍ သူသာဆက်၍ ဖ–ဆတို့နှင့် လက်တွဲသွားမည်ဆိုက သူ့ပညာအရည်အသွေးနှင့်ဆိုက ဝန်ကြီးအထိ မျှော်လင့်ချက်ရှိသည်သာ ဖြစ်၏။

"အမှန်ကတော့ ကျွန်တော်လည်း သူများတွေ တိုက်တွန်းပြီး အတင်း လက်မှတ်ထိုးခိုင်းလို့ အားနာတာနဲ့"

"မလုပ်နဲ့တော့ ကိုသာစု၊ ခင်ဗျားကို စေတနာ ဆန္ဒမဲအားကိုးနဲ့သာလုပ်ရင် သူတို့ခေတ်မှာ တစ်သက်လုံး မနိုင်ဘူး။ အဲ… ခုနက စကားတောင် ကျန်နေသေးတယ်။ မလက်တို ဒုက္ခသည်တို့၊ ရဲဘော်ဝါတို့ရဲ့ မဲနဲ့တင် စိတ်မချရလို့ ခင်ဗျားမဲပုံးကို ဖင်ကနေ ဝက်အူလှည့်နဲ့ ဖွင့်ခိုင်းပြီး ကျွန်တော့်မဲပုံးထဲ ထည့်ကြရသေးသတဲ့။ အဲဒါကိုများ ဧရာမ စွန့်စားခန်းတွေဆောင်ရွက်ခဲ့တဲ့ သူရဲကောင်းတွေ ကျနေတာပဲ၊ ကျွန်တော့်ဆီလာပြီး အားပါးတရ ပြောကြသေးတယ်။ ကျွန်တော်ဖြင့် ရှက်လွန်းလို့"

ဦးသိမ်းမောင်ပြောပြမှပင် မဲပုံးကို သံနှင့်မလုပ်ဘဲ သစ်သားသေတ္တာသုံးသည်မှာ 'ဝက်အူလှည့်'အားကိုးဟု သာစု နားလည်လိုက်ရတော့၏။

mgyoe.com

mgyoe.com


အစ်ကိုကြီး ဦးသိမ်းမောင်အားလည်း နောင်တွင် စာပေကိုသာ နာနာ ဖိရေးတော့မည်ဖြစ်ကြောင်း ဝန်ခံလိုက်ရ၏။

ဆုပေးပွဲပြီး၍ အိမ်ပြန်ရောက်သောအခါ သားလတ် ဗလကြီး (သုမောင်)ကို ချော့သိပ်နေသော သူ့ကြီးဒေါ် ဒေါ်သိန်းသိန်းက··

“ဟဲ သာစု မင်း နေကောင်းရဲ့လား”

“ကောင်းပါတယ် သိန်းသိန်းရဲ့၊ ဘာဖြစ်လို့လဲ”

“ဟယ် မင်းကြည့်ရတာ စာပေဗိမာန်ဆု ရလာတာနဲ့ မတူ၊ ရွှင်ရွှင်ပျပျလည်းမရှိ၊ ဘာတွေဘယ်သူတွေနဲ့ ဘုကျလာပြန်တာလဲ”

မှန်၏။ သာစုမှာ စာပေဆုထက် အလေးအနက်ထား၍ စဉ်းစား လာသည့် အကြောင်းအရင်းကား····

၁။ ဒေါက်တာဦးဘမော်က ငွေကုန်ခံ၍ မဟာဗမာ မြူလူကြီး လောင်းအဖြစ်အရွေးခံခိုင်းသူ၊ ကျားကူးသူကြီးက သူလိုချင်သော ငွေရလျှင် သူ့မဲများ သာစုကို ကျိတ်၍ ခွဲပေးမည်။ မြူလူကြီးအဖြစ်ထက် ငွေကို လိုချင်နေသည်။

၂။ ဦးသိမ်းမောင်ကား ဖ–ဆ၏ မြူလူကြီးလောင်း ဖြစ်သည်။ အရွေးလည်းခံရသည်။ ထိပ်ဆုံးရာထူး မြို့တော်ဝန်လည်း ဖြစ်နေသည်။ သို့တိုင်အောင် လိမ်–ညာ–ညစ်ပတ်၍ ရသောမဲနှင့် တက်ခဲ့ရသောကြောင့် သူရှက်နေသည်။ ဖ–ဆ ကလိန်ကျမှုများ ဖွင့်ထုတ်ပြသည်။ နောင်သော အခါ၊ ဤလိုအရှုပ်များတွင် သူဝင်ပါတော့မည်မဟုတ်ကြောင်း ပြော သည်။

ဤနှစ်လီကို တွေးရင်း ပြန်လာသောကြောင့် ထိုအရေး၏ ရောင်ပြန် ဟပ်မှုဖြင့် သာစုမျက်နှာ၌ မည်သို့ဖြစ်နေသည်ကိုကား သာစုလည်းမသိ။

❑

mgyoe.com

mgyoe.com



# ဂျာမနီအင်ဂျင်နီယာ

ရွှေတိဂုံဘုရားလမ်း ကျားကူးကွက်သစ်တွင် ''ပူတူတူးရောင်စုံ ပုံနှိပ်စက်''ဟူ၍ ချောက်ချောက်ချက်ချက် ရိုက်နှိပ်သောအလုပ်ကလေး ဖြင့် ထမင်းဝသော်လည်း ဟင်းမကောင်း တကောင်း စားနေရသော သာစု၊ သကြ်န်ကျတိုင်း ''အိမ်မိုးရတော့မည်''ဖြစ်၍ ဓနိဖိုးအတွက် စိတ်မောခဲ့ရသော သာစု၊ နေထွက်သည်မှ ညသန်းခေါင်အထိ ချွေး တဖြိုက်ဖြိုက် စက်ရိုက်နေရသော သာစုမှာ မြင်းပျံဦးတင့် ကောင်းမှု ကြောင့် ကျားကူးကွက်သစ်ထက် အဆင်ပြေသော၊ ဣန္ဒြေရသော ရေ ကျော်ဘက်သို့ ရောက်ခဲ့ရ၏။

မြင်းပျံမတင့် ဆေးပေါ့လိပ်ပိုင်ရှင် မြင်းပျံဦးတင့်မှာ အင်္ဂလိပ်ခေတ် က ကုန်ဈေးတန်းရှိ မူလ ရှန်ဟဲဖဲတိုက်တွင် မန်နေဂျာအဖြစ် အလုပ် လုပ်နေစဉ် သာစု ကလေးဘဝကတည်းက မုန့်ဖိုးပေးနေသူ၊ သာစုကို ချစ်သူ သနားသူဖြစ်သည့်အတိုင်း...

''ဟေ့ကောင်လေး၊ ဒီရပ်ကွက်မှာ မနေနဲ့တော့။ တဲတွေပြွတ်သိပ် ပြီး မီးဆိုရင် မင့်ပုံနှိပ်စက်ကလေးပါ မီးဝါးသွားလိမ့်မယ်။ ၄၇-လမ်း မှာ ငါ့အိမ်ရှိတယ် အဲဒီကိုပြောင်းလာ၊ ငါ လခမယူဘူး''

mgyoe.com

mgyoe.com


သို့နှင့်··· သာခုလည်း ၄၇-လမ်းသို့ စိုင်ကော်သကဲ့သို့ ရောက်လာခဲ့ရ၏။ ရေခံမြေခံဆိုသည်ကို ထိုအခါကျမှ သာခုယုံကြည်လာသည်။ ကျားကူးတွင် အလုပ်လုပ်ခဲ့စဉ်က မဝတဝနှင့် မလှမပ၊ ၄၇-လမ်းအိမ်သို့ရောက်ပြီး နောက်မကြာမီပင် လုပ်ငန်းအခြေအနေ တိုးတက်လာသည်။ ပုံနှိပ်စက်တစ်လုံးမှ နှစ်လုံးဖြစ်လာရုံမက မိတ်ဆွေတစ်ဦးကပင် လုပ်ငန်းပြောင်းသဖြင့် သူ့ပုံနှိပ်စက်ကြီးတစ်လုံးလာအပ်ထားသောကြောင့် ထိုစက်ကိုပါ အခမဲ့သုံးခွင့်ရလိုက်သေးသည်။

ထိုနောက် မကြာမီတွင်လည်း 'တပ်ထဲက မြတ်ကိုကို' ဝတ္ထုစာပေဗိမာန်ဆု ရလိုက်ပြန်သောကြောင့် စာအုပ်ထပ်ရိုက်ရသည်။ ငွေကလေးရွှင်လာသည်။ မြင်းပျံဦးလေးတင့်ကလည်း မ စချင်စိတ် ပေါ်လာလေသလားမသိ။ သာခုငွေလေးကုန်မည်စိုး၍ဟုဆိုကာ 'အိမ်ရာမြေပါယူလိုက်တော့'ဟု ဈေးပေါပေါနှင့်ပေးသည်။ ပေအစိတ်၊ ပေခြောက်ဆယ်၊ ၄၀၀၀ိ-သာယူ၏။ အဆောက်အဦလည်း ပါသေးသည်။

ဆက်တိုက်ဆိုသကဲ့သို့ပင် 'တပ်ထဲကမြတ်ကိုကို' ကျောင်းသုံးဖြစ်သွားပြန်၍ ရောင်းမလောက် တွင်ကျယ်ခဲ့သည်နှင့်အမျှ တဲအိမ်ကြီးမှသည် နှစ်ထပ်တိုက်ဖြစ်လာသည်။ လုပ်ငန်းသည်လည်း တိုးသည်ထက် တိုးတက်လာသောကြောင့် ပုံနှိပ်စက်များလည်း နောက်ထပ်လိုလာပြန်သည်။ သို့နှင့်··· သာခုလည်း အနောက်နိုင်ငံအသီးသီးသို့ စာရေးစုံစမ်းကာ အော်တိုမက်တစ် ပုံနှိပ်စက်တစ်လုံး မှာလိုက်၏။

လောလောဆယ် သာခုတို့သုံးနေရသောစက်မှာ ရှေးပဝေဏီခေတ်က ခြေနှင့်နင်း၍ ရိုက်ရသော 'ချန်ဒလာ' စက်များဖြစ်လျက် ရိုးရိုးတစ်ရောင်တည်း ရိုက်သည်ပင် မရပ်မနား ချွေးဒီးဒီးကျ ကြိုးစားပါမှ တစ်နေ့ ရှက်ရေ ငါးထောင်လောက် အနိုင်နိုင်ပြီးသည်။ ရောင်စုံအရောင်ထပ်ရိုက်သော် သုံးထောင်ထက်ပို၍ မရိုက်နိုင်။ ထိုစက်များမှာ ရိုက်လို

mgyoe.com

mgyoe.com


သော စက္ကူကို လက်နှင့်ကောက်၊ စက်ထဲထည့်ပြီးရိုက်၊ နောက် လက်နှင့် ပြန်ယူ စသည်ဖြင့် ခြေရော လက်ရော မျက်စိရော အနားမနေရသည်ကို မြင်ဖူးသူတိုင်း သိကြပြီဖြစ်၏။

ယခု သာစုမှာလိုက်သော စက်မှာ ကက်တလောက် နမူနာစာဆိုအရ အံ့ဖွယ် ပုံနှိပ်စက်ဖြစ်၏။ ခလုတ်ကို နှိပ်လိုက်ရုံဖြင့် စက်လည်သည်။ စက်ပေါ်ရှိ စင်ကလေးပေါ်သို့ ရိုက်လိုသော စက္ကူတင်ထားပြီး အခြားခလုပ်နှိပ်လိုက်လျှင် စက်ကပင် စက္ကူကို အလိုအလျောက်ဆွဲပြီး စက်ထဲ ထည့်ပေးသည်။ သူ့ဘာသာသူရိုက်ပြီး သူ့အလိုအလျောက် စက်ထဲမှရိုက်ပြီးသား စက္ကူကို ညှပ်ယူဆွဲထုတ်ကာ စက်ပေါ်ရှိ စင်ပေါ်တင်ပေးသည်။ တင်ပေးရုံသာမက တစ်ညီတည်းဖြစ်အောင် ညှိ၍စီပေးသေးသည်။ သာစုတို့အနေဖြင့် အံ့စရာကောင်းနေသည်ကား ယခင်စက်များ တစ်နေကုန်ရိုက်ပါမှ လေးထောင်ခန့်ပြီးရန် အနိုင်နိုင်ရှိခဲ့သော်လည်း ယခုစက်မှာမူ တစ်နာရီ ငါးထောင် ချောင်ချောင်ကလေး ရိုက်ပေးနိုင်သည် ဆိုသဖြင့် ထိုစက်ကို ကြည့်ချင်၊ ရိုက်ချင်လိုက်သည်မှာ တစ်ပိုင်းမက သေချင်စော်နံနေသည်။

သုံးလခန့်ကြာသော် ထိုအော်တိုမက်တစ် 'အလိုအလျောက်' စက်ရောက်လာချေပြီ။ ယင်းစက်ကို တင်လာသည့်သင်္ဘော ဂျာမနီမှ ထွက်လာ၍ လမ်းတစ်ဝက် မရောက်သေးမီမှာပင် သာစုထံသို့ ကုမ္ပဏီမှ စာတစ်စောင်ဖြင့် အကြောင်းကြားသည်။

"လူကြီးမင်းမှာကြားသော ပုံနှိပ်စက် ပို့လိုက်ပါပြီ။ ထိုစက်ကိုင်တွယ်ပုံ၊ ရိုက်နှိပ်ပုံ၊ ချွတ်ယွင်းက ပြုပြင်ပုံ နည်းလမ်းဟူသ၍ အသေးစိတ် ပြသပေးရန်အတွက် ကျွန်တော်များ၏ ဂျာမနီ အင်ဂျင်နီယာများက ထိုစက်နှင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာပါလိမ့်မည်"

mgyoe.com

mgyoe.com

စက်သေတ္တာကား ကြီးမားလွန်းသောကြောင့် သာခု၏ အိမ်ရှေ့တံခါးကို သုံးဆခန့် ပြန်ဖျက်ပြီး သွင်းရ၏။ ချက်ချင်းဖွင့်ကြည့်သည်။ စက်ကို စိတ်ဝင်စားလွန်းသဖြင့် ထမင်းစားလာခေါ်သည်ကိုပင် အော်လွှတ်မိသည်။ ယခုခေတ် ဟီးနိုးကားတစ်စီးစာခန့် လေးသောစက်ကို ထည့်ပေးလိုက်သည့် သေတ္တာကို ဖွင့်ရသည်မှာပင် အမောတကော ရှိလှသည်။ တပည့်ကျော် မောင်မောင်လှ (ယခု–ကာလာ မောင်မောင်လှ) သည် အကြိုးစားဆုံးနှင့် အပင်ပန်းဆုံး သေတ္တာဖွင့်သူဖြစ်၏။ ရိုက်ထားသည့် သံများ ခိုင်ခံ့လှသည်တွင် ဘိုတူများနှင့်ပါ အိမ်ဆောက်သကဲ့သို့ စုပ်၍ တုပ်ထားလိုက်သေး၏။ သေချာသပ်ရပ်လှသောသူတို့အနောက်နိုင်ငံသားများ ပါပေတကား။

နံနက် ၁၁–နာရီမှ စတင်ဖွင့်ခဲ့သောစက်မှာ ညနေ ၄–နာရီတွင် မောမောနှင့် ချောချောပွင့်သွားသော်လည်း ငုတ်တုတ်သာ ကြည့်နေကြရသည်။ ဘာမှုမလုပ်တတ်။ ထိုညက အိပ်၍ပင်မပျော်၊ လှဲနေရာမှထ စက်ကြီးကို သွားကြည့်လိုက် ပြန်လှဲလိုက်ဖြင့် အားမလို အားမရဖြစ်နေရချေသည်။ မိုးလင်းသည်နှင့် လူးလဲထကာ စက်ကြီးနားသို့ ရောက်ရပြန်သည်။ ရိုက်ကြည့်ချင်ပြီ၊ ဘယ်ကစ၍ ဘာလုပ်ရမည်ပင် မသိသေး။ သို့နှင့် စိတ်ကူးတည့်ရာ အပိုပစ္စည်းသေတ္တာကို ဖွင့်ကြည့်ရင်း အတွင်းမှ ပစ္စည်းများကို ဆွဲထုတ်လိုက်ရာ၌ ပလတ်စတစ်အိတ်နှင့် ထည့်ထားသော စာအုပ်များကို တွေ့ရသည်။

အကယ်၍ မနေ့ကသာ ထိုသေတ္တာလေးကို ဖွင့်ရုံသာမဖွင့်ဘဲ အတွင်းပစ္စည်းများကိုပါ ထုတ်ကြည့်ခဲ့လျှင် စာအုပ်များပါသည်ကို မနေ့ကတည်းကပင် တွေ့ရမည်။ ချက်ချင်းပင် သာခုထိုင်ဖတ်သည်။ စာအုပ်မှာ ဂျာမနီမှ ပို့သော်လည်း အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထားသော

mgyoe.com

mgyoe.com


"စက်ကို မည်သို့မည့်ပုံ လည်ပတ် အသုံးပြုရမည်"ဟူသည့် အညွှန်းစာအုပ်။

သုံးကြိမ်တိတိ အသေးစိတ် ပြန်ဖတ်ပြီးသောအခါ သူ့စာညွှန်းအတိုင်း လိုအပ်သော ဆီများထည့်ပြီး တပည့်များကိုလက်နှင့် အစမ်းလှည့်ခိုင်းကာ စက်အသွားအလာနှင့် ကိရိယာများအလုပ်လုပ်ပုံကို လေ့လာကြည့်၏။ ဓာတ်အားနှင့် လှည့်ရမည် ဖြစ်သော်လည်း မတော်တဆ မှားသွားလျှင် ပျက်စီးကုန်မည်။ သို့နှင့် ညနေ-၃ နာရီလောက်တွင် လက်နှင့်လှည့်၍ စမ်းခြင်းကိစ္စများ ချောမောသွားသဖြင့် ဘလောက်တစ်လုံးဆင်၊ ပုံနှိပ်မင်များထည့်ကာ ဓာတ်အားဖြင့် မော်တာကို ဖြည်းဖြည်းလှည့်၍ ရိုက်ကြည့်၏။ ပထမ-မဟန်၊ ၄-နာရီတွင် အခြေခံရလာ၏။ စိတ်ကမူ ရဲရဲမရိုက်ဝံ့သေး။ သို့သော် ဖွဲကမကျသေး။ ၆-နာရီတွင် ထူးခြားလာပြီးဖြစ်လျက် တစ်နာရီတွင် ရွက်ရေနှစ်ထောင် ချောင်ချောင်ကလေးပြီး၏။ ထိုနှုန်းမှာ စက်စံချိန်၏ တစ်ဝက်အရှိန်မျှသာ ရှိသေးသော်လည်း တစ်နေ့ဆိုလျှင် ရွက်ရေ တစ်သောင်းခြောက်ထောင် အေးအေးပြီးနိုင်သည်။

ထိုနေ့ကသော် စက်လည်းလည်ပတ်ရိုက်နှိပ်ပြီး ဖြစ်၍တစ်ကြောင်း၊ မောလည်းမောလှသဖြင့် စောစောပင် ဝင်အိပ်ကာ နောက်တစ်နေ့ စောစောပြန်ထပြီး စက်ကြီးကိုကြည့်၍ ကြည်နူးနေမိ၏။ တော်ကြရှာပါပေသည်။ ဟိုခလုတ်နှိပ်၊ ဒီမောင်းတံကလေးဆွဲ၊ အနီဘုကလေးဖိ၊ ထိရုံတို့ရုံမျှဖြင့် သာစုတို့ ဆယ်ရက်မျှ လုပ်ရသည့်အလုပ်ကို တစ်ရက်နှင့်ပြီးအောင် မောင်မင်းကြီးသားများ ထွင်တတ်ကြသည်။ လူတွေလည်း သက်သာလှသည်။ ချွေးဆိုသည်မှာ ယောင်၍မှ တစ်စက်ပင်မထွက်။

ထိုနေ့မှအစပြု၍ ထိုစက်ကြီးကား အရှိန်ကောင်းကောင်းဖြင့် မှန်မှန်ကြီးလည်နေချေပြီ။ အလုပ်တွင်ကျယ် လိုက်သည်မှာလည်း ပြောစရာမရှိ၊

mgyoe.com

mgyoe.com


မောင်မောင်လှဆိုလျှင် ယခင်ကလိုစက်ထဲ လက်နှိုက်စရာမလို၊ လက်ကလေး အသာပိုက်၍ အကြိုက်တွေ့နေသည်။ အလွန်ကျေနပ်နေသည်။

ဆယ့်လေးရက်တင်းတင်းပြည့်ခဲ့ပြီး ဖြစ်သော်လည်း ကိုရွှေ အင်ဂျင်နီယာတို့ ပေါ်မလာကြသေး။ သို့တိုင်အောင် မောင်မောင်လှနှင့် ပုံနှိပ်စက်တို့ အကွက်လည်နေကြပြီဖြစ်၍ သူတို့မလာစေကာမူ အရေးမကြီးလှ။ ထိုနေ့က ဦးအုန်းမြင့် (ယခင်-စပါယ်ပုံနှိပ်တိုက်ရှင်) လာရောက်အပ်နှံသွားသော ရှရှားသံရုံးမှ ထုတ်ဝေသည့် သတင်းစဉ် မျက်နှာဖုံး ရောင်စုံရိုက်နှိပ်ရာတွင် မောင်မောင်လှ မျက်နှာရှုံ့နေသည်ကို သာခု အိပ်ရာမှ နိုးနိုးချင်း တွေ့ရသဖြင့် မေးကြည့်ရာ ယခုရိုက်သော ဘလောက်တုံးမှာ မင်အထိများသော ပြောင်သားပိုသဖြင့် မင်များ ရုတ်တရက် မခြောက်ဘဲ စက်ကလည်း တစ်ရွက်ပြီးတစ်ရွက် ရိုက်ရင်း ထပ်ရင်း သွက်နေသည့်ကြောင့် စာရွက်များ တစ်ခုနှင့်တစ်ခု ကပ်ကုန်သဖြင့် စက်ကို ရပ်ရပ်ပြီး ဖြန့်လှန်းနေရကြောင်း သိရ၏။

ဤတွင် စက်နှင့် အတူပါလာသော်လည်း မလိုအပ်သေး၍ ယူမသုံးဘဲထားသော ကိရိယာတစ်မျိုးကို တပ်ဆင်လိုက်ပြီး ပေါင်ဒါမှုန့်တစ်မျိုးဖြင့် စမ်းသပ်ရိုက်ကြည့်ရာ သူ့စာညွှန်းအတိုင်းပင် စက္ကူတစ်ရွက်နှင့်တစ်ရွက် လုံးဝ မကပ်တော့သောကြောင့် မောင်မောင်လှတွင် ပါးစပ်အဟောင်းသားနှင့် ငေးသွားတော့၏။ သူသာမက သာခုအဖို့တွင်လည်း နှားလှည်းခေတ်က ပေါ်လာသော မော်တော်ကားကို ကြည့်နေရဘိသို့ အံ့သြကုန်နိုင်ဖွယ် ဖြစ်နေမိ၏။ မင်ထည့်ပြီး စက္ကူတင်ပေးထားလိုက်လျှင် လူကဘာမျှ ပင်ပန်းစရာမလို၊ ခလုတ်ကလေးနှိပ်လိုက်လျှင် ကိစ္စပြီးသည်။ စက်ကသူ့အလိုအလျောက် ရိုက်နှိပ်စီပေးရုံမဟုတ်သေး၊ မကပ်အောင်လည်း ကိရိယာက ထိန်းပေးလိုက်သေးသည်။

mgyoe.com

mgyoe.com


တစ်ရွက်ချင်းရိုက်နေရာမှ နှစ်ရွက်ထပ်ပါသွားလျှင် စက်က အလိုလို ရပ်သွားသည်။ စက္ကူအစုတ်အပြဲ ပါသွားလျှင်ဖြစ်စေ၊ စောင်းရွဲ့နေလျှင်ဖြစ်စေ၊ ရိုက်ပြီးစက္ကူ သူ့နေရာပြန်မရောက်လျှင်ဖြစ်စေ စက်က ဆက်၍ အလုပ်မလုပ်။ လုပ်လျှင် ဆက်လက်၍ မှားမည်။ ထို့ကြောင့် အလိုအလျောက် ရပ် ရပ်ပေးသည်။ ယင်းသို့သော ဆန်းပြားလှသည့် တီထွင်မှု တန်ခိုးကြောင့်ပင် မောင်မောင်လှသည် စက်ရိုက်ထားလျက်က တပို့တပါးသွားနိုင်သေးသည်။ တစ်ခုခုမှားလျှင် စက်ကရပ်ပြီး လူကို စောင့်နေမည်။ ဤသည်တို့ကို တစ်မျှော်တစ်ခေါ် ကြီးကြပ်၍ အားရနေသော မောင်မောင်လှသည် အဘယ်ပုံ ခံစားလိုက်ရသည်မသိ။

"အစ်ကို၊ နောက်ဆိုရင် စက္ကူတို့၊ မင်တို့၊ စက်ဆီတို့ကို သူတို့ဟာ သူတို့ သွားဝယ်ပြီး သူတို့ဟာ သူတို့ပဲ ရိုက်တဲ့စက်မျိုး ဖြစ်လာမလား မသိဘူးနော်" ဟု ပြောလိုက်သော သူ့အတွေးနှင့် သူ့စကားကို ယခုထိ ကြားယောင်နေ၏။ လွန်ခဲ့သော အနှစ်အစိတ်လောက်က ဤလိုပြောခဲ့သော မောင်မောင်လှအား ယခု ကွန်ပျူတာစက်တစ်လုံး ဝယ်ပေးလိုက်ရလျှင် မည်သို့သောအတွေးနှင့် စကားမျိုး ထွက်လာဦးမည်မသိ။

သူ၏အတွေး၊ သူ၏ပြောတွင် နစ်မြောစဉ်းစားနေမိစဉ် ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သည်တွင် ဥရောပတိုက်သားနှစ်ဦး ရောက်နေသည်ကို တွေ့ရသဖြင့် "ဟုတ်ကဲ့ ကျွန်တော် ဘာအကူအညီပေးရမလဲ" ဟု မေးလိုက်၏၊ ကုလားထိုင်များ ယူချပေး၏။ သူတို့က ထိုင်လည်း မထိုင်၊ ဘာမျှလည်းမပြောသေးဘဲ တစ်ယောက်က စက်ကိုသာ မျက်လုံးခဲ၍ စက်အသွားအလာ လှုပ်ရှားမှုများကို စိတ်ဝင်စားစွာ လိုက်ကြည့်နေသည်။

ဤစက် စတင်လည်ပတ်စက ရန်ကုန်သာမက နယ်ရှိ ပုံနှိပ်လောကသားများပါ လာရောက်ကြည့်ရှုကြသည်မှာ နေ့စဉ်နှင့်အမျှ၊ အချို့

mgyoe.com

mgyoe.com


သူတို့လည်း 'မှာလိုသည်၊ ဆောင်ရွက်ပေးပါ'ဆိုသဖြင့် သာစုက ကူညီရန် ကတိပေးခဲ့၏။ ယခု လာကြည့်သူ မျက်နှာဖြူ ဥရောပတိုက်သားများက မမြင်ဖူး၍ လာကြည့်ခြင်းကား မဖြစ်နိုင်။ စက်ကိုကြည့်လိုက်၊ သာစုနှင့် မောင်မောင်လှကို ကြည့်လိုက်ဖြင့် တအံ့တသြ ဖြစ်နေရာမှ ရုတ်တရက် စက်ကို တစ်ယောက်က ခလုတ်နှိပ်ပြီး ရပ်လိုက်သဖြင့် ရော... ဂျာမနီမှ ရောက်လာကြမည့်ဆိုသည့် အင်ဂျင်နီယာများဆိုသည်မှာ သူတို့ပင် ဖြစ်ရမည်ဟု သာစု အတပ် တွက်လိုက်၏။

"ပိုင်ရှင် ဘယ်သူပါလဲ"

ယခုမှပင် စတင်၍ အင်္ဂလိပ်စကားသံ မပီ့တပီဖြင့် မေး၏။

"ဟုတ်ကဲ့ ကျွန်တော်ပါပဲ" ဟု သာစုက ဖြေလိုက်မှ ပို၍အံ့အားသင့်သွားကြကာ ဗျာဗျာသလဲ လက်ဆွဲနှုတ်ဆက်၏။ နောက် စက်ကို မည်သူဆင်ပေးသည်၊ ရိုက်နှိပ်ရန် မည်သူပြပေးသည်များကို အသေးစိတ် မေးချေတော့ရာ သာစုကလည်း အညွှန်းစာအုပ်ဖတ်ပြီး ကိုယ်တိုင်ပင် မည်သို့မည်ပုံ စမ်းသပ် မောင်းကြည့်ခဲ့ကြောင်းများ ပြောပြလိုက်သည်ကို အစအဆုံး နားထောင်နေပြီးမှ တစ်ဖန် ဒိုင်ယာရီစာအုပ်ထုတ်၍ အသေးစိတ် ထပ်မေးမြန်း၏၊ ရေးမှတ်ကြ၏။ ပြီးသည်တွင် သာစုက လိမ္မော်ရည်တိုက်ရင်း "ဂျာမနီမှ လိုက်လာရသည်မှာ ဝေးလွန်းသဖြင့် ဝမ်းနည်းအားနာမိကြောင်း"ပြောရာ–

"ကျုပ်တို့ စက်ဘူက လာတာပါ၊ လေယာဉ်နေရာမရလို့ နောက်ကျသွားတာ ခွင့်လွှတ်ပါ။ အမှန်အတိုင်းဆိုရင် စက်နဲ့ ပြိုင်တူ ရောက်ရမယ် ဖြစ်ပါတယ်။ အနည်းဆုံး တစ်ပတ်လောက်ရန်ကုန်မှာနေပြီး စက်အသုံးပြုနည်းများ ပြသပေးရမယ့် အစီအစဉ်ရှိပါတယ်၊ တာဝန်လည်းရှိပါတယ်။ ခု မြင်ရတဲ့အတိုင်းဆိုရင်တော့ ကျုပ်တို့ ဒီနေ့ပဲ ကြုံရာလေယာဉ်နဲ့ စက်ဘူကို ပြန်နိုင်ကြပြီပေါ့ဗျာ"

mgyoe.com

mgyoe.com


ဝမ်းသာအယ်လဲသံဖြင့် တစ်ယောက်ကပြော၍ အခြားတစ်ယောက်ကလည်း····

"ဟုတ်တယ်၊ ကျုပ် မိန်းမနဲ့ ကလေးတွေကတော့ သိပ်ဝမ်းသာသွားကြမှာ"ဟု လိမ္မော်ရည်သောက်ရင်း အသောကလေး ဖောက်လိုက်သေး၏။

"ကျုပ်တို့ ပုံနှိပ်စက်တွေ အာရှတိုက်မှာ ရောင်းခဲ့တာ အလုံးပေါင်း တစ်သောင်း ငါးထောင်ကျော်ပြီ။ အားလုံးကို လိုက်ပြီး ဆင်ပေးရတယ်၊ ပြပေးရတယ်။ တစ်ချို့ဆိုရင် တစ်ဆယ့်ငါးရက်နဲ့တောင် ကောင်းကောင်း မတတ်ချင်ကြဘူး။ ခင်ဗျားတို့ ပုံနှိပ်တိုက်တစ်ခုပဲ စာအုပ်ဖတ်ပြီး ရိုက်တတ်တာ တွေ့ဖူးသေးတယ်၊ ကျုပ်တို့ သိပ်အံ့သြသွားတယ်။ ဒီပညာတွေ ဘယ်က တတ်သလဲ"

"ကျွန်တော်က စက်မှုလုပ်ငန်းကို ဝါသနာပါလို့ပါ၊ နောက်ပြီး ခင်ဗျားတို့ အနောက်နိုင်ငံသားတွေက ဒီလောက်အံ့သြစရာ အသုံးဝင်တဲ့ စက်တွေ တီထွင်နိုင်သေးတာ ကျွန်တော်တို့က ဒီစက်ကို လည်ပတ်အောင် အသုံးပြုနိုင်ဖို့လောက်တော့ ဉာဏ်ထုတ် ကြိုးစားရမှာပေါ့ဗျာ"

သူတို့နှစ်ယောက်စလုံး ပြုံးသွားကြသည်။

"နို့ မေးပါရစေဦး၊ စက်ကြီးလည်ပတ်ရိုက်နှိပ်နိုင်အောင် စိတ်ကူးဉာဏ်တွေ ခင်ဗျား ဘယ်ကထွက်လာသလဲ"

"နို့··· ဒီစက်ကြီး ဖြစ်ပေါ်အောင် ဖန်တီးတီထွင်နိုင်တဲ့ စိတ်ကူးဉာဏ်တွေကော ခင်ဗျားတို့ ဦးခေါင်းရဲ့ ဘယ်နေရာက ထွက်လာပါသလဲ"

သူတို့နှစ်ယောက်စလုံး ပြုံးပြုံးကြီး ထရပ်ကြသည်။ ကုန်းကုန်းကြီး လက်ဆွဲနှုတ်ဆက်ကြသည်။ အရပ်က ရှည်သလောက် ဒေါက်

mgyoe.com

mgyoe.com


ရော ခွန်အားပါ တောင့်လှသဖြင့် သူတို့၏ လက်ဆွဲခြင်း၏ အားပါးတရ ရှိမှုကို သာခု မခံနိုင်၊ အတော်လေး အောင့်နေလိုက်ရသည်။ မောင်မောင် လှမှာမူ ရှုံ့မဲ့မဲ့နှင့် ရယ်ပြုံးပြုံးနေသည်။

အရပ်အမောင်း ခွန်အားဗလ၊ ကြံ့စည်တီထွင်မှု စွမ်းအားတွင်ပါ သူတို့ မျက်နှာဖြူများက အသာကြီး သာနေသည်။ အစစအရာရာတွင် နှစ်ပေါင်း တစ်ရာ့ငါးဆယ်လောက် သူတို့က ရှေ့မှပြေးနေသည်။ နောက်ထပ် အနှစ်တစ်ရာကြာလျှင်လည်း သာခုတို့ကပင် နှစ်ပေါင်းတစ်ရာ့ ငါးဆယ် နောက်ကျ ကျန်ရစ်ကြပေဦးမည်။ တီထွင်မှု၌ သူတို့က ရပ်နေကြသည်မဟုတ်။ သာခုတို့ အာရှတိုက်မှ နွားလှည်းများ၊ နွားမရှိလျှင် ဒုက္ခ ကမ္ဘာဦးအစကစီးခဲ့ကြရသော နွားလှည်းများပင် ယခုထိ ဖင်မခံနိုင်အောင် ဆောင့်နေဆဲ၊ သူတို့မျက်နှာဖြူတွေကသော်ကား မိုင်ပေါင်း သိန်းချီဝေးသော လကမ္ဘာဆီ သွားရာ၌ တစ်ဆယ့်သုံးစက္ကန့်လောက် နောက်ကျသည်ကိုပင် တွက်ကိန်းလွဲလေခြင်းဟု ရင်ထုမတတ် ဝမ်းနည်းနေတတ်ကြသည်။

ပြေးချင်သလောက် ရှေ့ကပြေးကြပါစေ၊ တီထွင်ကြံဆ ဆန်းချင်သရွေ့ ဆန်းကြပါစေ။ မည်သည့်စက်ပစ္စည်းဖြစ်စေ တို့ဗမာများကလည်း ရောက်လာသမျှကို ကျကျနန ကိုင်တွယ်အသုံးပြုပြလိုက်ကြမည်။ ပျက်စီးသမျှ လှလှပပ ပြင်ပြလိုက်ကြမည်သာ။

ယခုဆိုလျှင်ကား သားတပည့်ကျော် မောင်မောင်လှသည်ပင် သာခု ပထမဆုံး မှာသုံးခဲ့သော ပိုလီဂရပ်ဖ်–ဟိုင်ဒယ်ဘတ် စသည်တို့ သာမက အော်တိုမက်တစ် ပုံနှိပ်စက်ဟူသမျှ ဒိုးလိုမွှေ၍ ပြင်နိုင်နေပြီဖြစ်၏။ သူတို့ကထွင်နိုင်လျှင် သာခုတို့ ဗမာတွေကလည်း ပြင်နိုင်ရမည် မဟုတ်ပါတုံလော။

❑

mgyoe.com

mgyoe.com



## ခဏာခဏာလာမှာလား

သာဓုမှာ ဤစာအုပ် တစ်နေရာတွင် ဖော်ပြထားသည့်အတိုင်း လက်လီလက်ကား ကုန်သည်ပေါင်းစုံတို့၏ ရောင်းဝယ်ဖောက်ကား သမ္မပြုရာ ရပ်ကွက်တွင် ကြီးပြင်းလာခဲ့ရသူဖြစ်၍ စီးပွားရေးသမားတို့၏ စရိုက်သဘောကို အဆိုးရော အကောင်းပါ နားလည်သဘောပေါက်ခဲ့ပြီးဖြစ်၏။

အကြောင်းတစ်ခုကိုပြရသော် ကုလားကုန်သည်တို့၏ ''လိမ်နည်း'' (ဝါ) ''ဖြန်းနည်း''တစ်ခုမှာ အလွန်တာသွားပြီး ခရီးရောက်လှသည်ကို တွေ့မြင်သိရှိရ၏။ လိမ်ညာ ဖြန်းသန်းသူရော အဖြီးအဖြန်းခံရသူအဖို့ပါ အလွန်ကောင်းသောနည်းဟု သာဓုဆိုချေသော် စာရှုသူ အတွေးခက်ကောင်း ခက်နေပေအံ့၊ ဆက်ဖတ်ပါ စာရှုသူ…။

ယင်းကုလားတို့၏ ဖြန်းနည်းသည်ကားဆိုလျှင် ၄င်းတို့ဆိုင်သို့ ဝယ်သူတစ်ဦးတစ်ယောက်ဝင်အံ့။ ထိုဝယ်သူသည် ၄င်းတို့ဆိုင်တွင် တစ်ကြိမ်တစ်ခါမျှ ဝယ်ဖူးသူမဟုတ်။ ဝယ်သူအဖို့၌ ဤဆိုင်သည် ဆိုင်သစ်လူသစ်၊ ဆိုင်ရှင်အဖို့တွင်လည်း ထိုဝယ်သူသည် လူစိမ်းလူသစ်၊ သို့သော်

mgyoe.com

mgyoe.com


ထိုဆိုင်ရှင်က ယင်းဝယ်သူကို မြင်လိုက်သည်နှင့် လှိုက်လှိုက်လှဲလှဲပြုံးပြ၏။

''နေကောင်းရဲ့လား အစ်မကြီး-အစ်ကိုကြီး''စသည်ဖြင့် ရင်းရင်းနှီးနှီး သိကျွမ်းခဲ့ဖူးသယောင် မျက်နှာပေးဖြင့် အပြေးအလွှား ခရီးဦးကြိုပြု၏။

ဤသည်မှာ အမှတ်(၁) ဖြန်းလိုက်ခြင်း။

''အမယ် မင်းတို့ ငါ့ကို ဘယ်တုန်းကသိလို့လဲ''

ဟုဝယ်သူသစ်က ပြန်မေးမည်ထင်ပါသလော၊ လုံးဝမမေးသည့်ပြင် သို့ ခရီးဦးကြို ဖော်ရွေလိုက်သည်ကိုပင် ဝယ်သူသည် အလွန်ကျေနပ်သွားသည် အရိပ်အရောင်ဖြင့် ပြန်၍ ပြုံးပြတတ်၏။

ဤတွင် ကုလားကုန်သည်က 'သူဖမ်းသောအကွက် မိလေပြီ'' ဟု သဘောထားကာ-

''အစ်ကိုကြီးတို့ အစ်မကြီးတို့ ကျွန်တော်တို့ဆိုင်မှာ မဝယ်တာကြာပြီနော်၊ ကျွန်တော်တို့ကို စိတ်ဆိုးနေတာလား ဟဲ....ဟဲ''ဟု။

ဤသည်ကား အမှတ် (၂) ဖြီးခြင်း။

''မဟုတ်ပါဘူးကွယ်၊ တို့ဆီမှာ အရောင်းအဝယ်နည်းနည်းပါးလို့ မလာတာပါ''

ဝယ်သူ အစ်မကြီးတို့ကလည်း သူတို့ကိုယ်သူတို့ ဤဆိုင်၏ ဝယ်နေကျ ဖောက်သည်ကြီးသဖွယ် ခပ်ထယ်ထယ်လေး ပြန်လှိမ့်လိုက်၏။ ဝယ်သူ၏အထင်ကား ကုလားသည် သူ့အား ဝယ်နေကျဟုထင်ပြီး မျက်နှာချိုသွေးနေသည်ဟု ယူဆကာ ဈေးနှုန်းလည်း သက်သာလိမ့်မည်ဟုထင်၍ ချော်လဲ ရောထိုင်နေခြင်းဖြစ်၏။ မည်သို့ဖြစ်စေ ဝယ်သူအဖို့၌ ဤဖော်ရွေမှုသည် အလွန်ကြည်နူးစရာဖြစ်နေ၏။

mgyoe.com

mgyoe.com


နောက် ကုန်ပစ္စည်းများဈေးနှုန်းမေး၊ အလျှော့အတင်းလုပ် အရောင်းအဝယ် ဖြစ်သွားကြသည့်အခဲ့းခွဲ–

"နောက်လည်းလာပါနော်၊ မကျေနပ်ရင်ပြောပါနော်။ ဈေးများရင်၊ အဆင်အရောင်မကြိုက်ရင် ပြန်လဲပါနော်။ နောက်တစ်ခါ တခြားဆိုင်မှာသွားဝယ်ရင် ကျွန်တော်တို့ စိတ်ဆိုးမှာပဲ ဟဲ…ဟဲ….ဟဲ…"ဟု (၃) အဖြစ် ကုလားက စီးပွားရေး ညှု… ညှု လိုက်ပြန်၏။

ကုလားကုန်သည်က ဤသို့လည်း ချွဲလိုက်သေး၏။ မည်သည့်ဝယ်သူသည် နောက်ထပ် ဤဆိုင်သို့ မလာဘဲ နေနိုင်ပါတော့အံ့နည်း….။

ယင်းသည်မှာ နှစ်ဦးနှစ်ဖက်စလုံး အပြန်အလှန်ဖြီးကြဖြန်းကြသော်လည်း နှစ်ဦးနှစ်ဖက်လုံးကပင် ကျေနပ် အကြိုက်တွေ့ကြသည်။ ဈေးနှုန်းပင် သက်သာစေဦး မျက်နှာရှစ်ခေါက်ချိုးနှင့် စူအောင့်အောင့်ရောင်းသောဆိုင်ထက် စိတ်ချမ်းသာသည်မှာ သေချာလှ၏။

တစ်ကြိမ်သော အခါက "ပပကခေတ်" ရုပ်ရှင်ရိုက်ရာတွင် အခမ်းအနားပြင်ရန် လိုအပ်နေသော ပိတ်အနက်ဝယ်ခွင့်ရရန် သက်ဆိုင်ရာ ဦးစီးမန်နေဂျာသို့ နှုတ်ဖြင့်ပင် အကျိုးအကြောင်းတက်ပြောရာ သူက (ယခုကွယ်လွန်သွားရှာပြီဖြစ်သူ) ဈေးသည်အမူအရာနှင့်မဟုတ်ဘဲ အရာရှိ အိုက်တင်နှင့် 'လျှောက်လွှာတင်ပါ'ဟု ဆိုသဖြင့် သာစုသည် အသင့်ပါလာသော ကုမ္ပဏီခေါင်းစီးပါ စက္ကူကတ်ထုတ်၍ ရေးချလိုက်သည်နှင့် ထိုအရာရှိက "အိမ်ရောက်မှရေးပါ၊ မနက်ဖြန်မှလာတင်ပါ"ဟု ရှုတင်းတင်းနှင့်ပြော၏။

သာစုရင်ထဲတွင် ကျင်ခနဲ စိတ်ဆိုးသွားမိသော်လည်း သူပေးမှရမည်ဖြစ်သောကြောင့် မလွဲသာသော သည်းခံခြင်းဖြင့် သည်းခံလိုက်ရစေကာမူ ဘဝင်ကား မကျသေး။

mgyoe.com

 mgyoe.com



"ကျွန်တော်တို့မှာ မင်းသားမင်းသမီးက ပေးတဲ့ရက် အမီရိုက်ရပါတယ်။ ဒါလည်း အရေးတစ်ကြီး ချုပ်ရ၊ ပြင်ဆင်ရမှာမို့ ဖြစ်နိုင်ရင် ဒီနေ့...."

"ဒီနေ့တော့ မရဘူးလေ..."

ဟုပြောပြောဆိုဆို ထ၍ အခြားအခန်းတစ်ခုကို ဝင်သွားသောကြောင့် သာစုတွင် အံကြိတ်ပြီး ပြန်လာခဲ့ရကာ နောက်တစ်နေ့ တွေ့ကြသည်တွင် သာစုကိုမြင်သည်နှင့် ယမန်နေ့က မျက်နှာထားမျိုးသို့ ပြောင်းသွားသည်။ သာစုက လျှောက်လွှာတင်ပေးလိုက်သည်ကိုဖတ်ပြီး...

"များလှချည်လား..."

"ဟုတ်ပါတယ်၊ ပေါ်ပလင်အနက် လေးအုပ်ရမှ လုံလောက်မှာမို့ပါ..."

"နေပါဦး၊ ရုပ်ရှင်ရိုက်တာနဲ့ ဒီပိတ်နက်က ဘာဆိုင်လို့လဲ"

"ခု ကျွန်တော် ရိုက်နေတဲ့ ဇာတ်ကားထဲမှာ ပြဇာတ်ကတဲ့ သီချင်းဆိုခန်းတစ်ခန်း ပါပါတယ်။ အဲဒီပိတ်အနက်ကို နောက်ခံအဖြစ်ထားပြီး အဲဒီပေါ်မှာ ရွှေချည်ငွေချည်နဲ့ ပန်းချီရေးမှာဖြစ်ပါတယ်"ဟု သာစုက အသေးစိတ် ရှင်းပြသော်လည်း သူ ပေးချင်ပုံမပေါ်။

"ခက်တာပဲ တစ်ယောက်တည်းကို ဒီလောက်များများ မရောင်းနိုင်ဘူး။ အလွန်ဆုံး ဆယ်ကိုက်ပဲပေးတယ်"

"ဟုတ်ကဲ့ အစ်ကိုကြီးပြောတာလည်း ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမဲ့ တစ်ခုတော့တင်ပြပါရစေ၊ ကျွန်တော်ဟာ ခု တစ်ယောက်တည်းသမားအနေနဲ့ အများကြီးလာဝယ်တာ မဟုတ်ပါဘူး။ တချို့ ဆေးဆိုးပန်းရိုက်စက်ရုံသဘောမျိုး အမှန်တကယ်ပဲ များများလိုလို့ ဝယ်တဲ့ သဘောမျိုးဖြစ်ပါတယ်။ ပြဇာတ်စင်ကို ကြည့်ချင်ရင်လည်း လိုက်ပြပါ့မယ်၊ ကျွန်တော်လျှောက်တဲ့ ပေရှည်ဟာလည်း အတိအကျဖြစ်ကြောင်း အစ်ကိုကြီး သိစေချင်ပါတယ်..."

mgyoe.com

mgyoe.com


ဤတွင် ဦးစီးမန်နေဂျာသည် ခဲတံတစ်ချောင်းဖြင့် ထိုထိုဤဤ ခြစ်နေပြီးမှ…

"အေးလေ၊ ကျုပ် ဒီတစ်ခါတော့ ပေးလိုက်မယ်။ နှစ်အုပ်လောက် ပေါ့"

"မလောက်ပါဘူးခင်ဗျာ၊ အမှန်မလောက်လို့ ပြောတာပါ၊ လေးအုပ်တော့…"

"မရဘူးလေ၊ နှစ်အုပ်ပဲ" ဟုပြောပြောဆိုဆို လျှောက်လွှာတွင် နှစ်အုပ်အတွက်သာ ရေးချပြီး သာစုကို လှမ်းပေးရင်းက-

"ဒီမှာနော်၊ ခုတစ်ခါလျှောက်လို့ရတယ်ဆိုပြီး ခဏခဏလာဦးမှာလား…."

သာစုစိတ်ထဲတွင် ထိုစကားအတွက် မြက်ခနဲ ဖြစ်သွားမိ၏။ ဤတစ်ချိန္တ သာစုတစ်ယောက်တည်းအတွက် မဟုတ်ဘဲ အများသောဝယ်သူ စားသုံးသူများဘက်မှ ရပ်တည်တော့မည်၊ ပြောတော့မည်။ သူစိတ်ဆိုး၍ ပါမစ်ပြန်တောင်းလျှင်လည်း မှောင်ခိုကိုပင် အားပေးတော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့်…..

"ခဏခဏမလာရတော့ဘူးဆိုတော့ ဒီအရောင်းဌာနဟာကော ဒီတစ်ခါ ရောင်းပြီးရင် ပိတ်လိုက်တော့မှာလား"

သို့လျှင် သာစုမေးလိုက်သည်နှင့် သူရုတ်တရက်ကြောင်သွားသည်။ သာစုကိုသာ တွေ၍ မကျေမချမ်းကြည့်နေသည်။

"စိတ်မရှိပါနဲ့ခင်ဗျာ နော်၊ ခု ဒီအရောင်းဌာနမျိုးတွေမှာ ကုန်ပစ္စည်းအမြဲရှိနေသရွေ့၊ ရောင်းချနေသရွေ့ ဝယ်သူတွေဟာ အမြဲလာနေရမှာပဲ မဟုတ်လား အစ်ကိုကြီး၊ ဝယ်သူတွေလာနေမှပဲ ဒီလုပ်ငန်းတွေ လည်ပတ်နေမှာပဲမဟုတ်လား ခင်ဗျာ။ အဲဒါငွေပေးပြီး လာဝယ်သူကို မလာရဘူးဆိုရင်…"

mgyoe.com

mgyoe.com


“ခင်ဗျားကို ဘယ်သူက မလာနဲ့လို့ ပြောသလဲ၊ ခဏခဏမလာဖို့ ပြောတာ”

“အမှန်တကယ် လိုအပ်နေရင်ကော၊ အမှန်တကယ် သုံးရင်ကော ခဏခဏလိုအပ်တဲ့ပစ္စည်းဆိုရင်ကော။ ကျွန်တော်ဆိုလိုတာက ရောင်းသူ ဟာ ဝယ်သူရှိမှ အလုပ်ဖြစ်တယ်၊ ဝယ်သူများများလာမှ ခဏခဏလာမှ အရောင်းတွင်ကျယ်မယ်၊ အစိုးရလည်း ငွေမြန်မြန်ပေါ် မြန်မြန်နဲ့များများ မြတ်မယ် ပြီးတော့....”

“ဒါ ကျူပ် နားလည်တယ်”ဟု ပြောရင်း သူကထရပ်၏၊ ဒေါ လည်း အတော်ပွနေ၏၊ သာခုအဖို့ နောက်တစ်ကြိမ် ဘာမျှလျှောက်၍ ရတော့မည် မဟုတ်သည်ကိုလည်း သာခု ရိပ်မိပြီးဖြစ်၏။

ထို့အတူ သူ သဘောပေါက်သွားလျှင် နောက်လာ လတ္တံ့သော ဝယ်သူ၊ လျှောက်သူများ အဆင်ပြေစိမ့်သောငှာ...

“အစ်ကိုကြီးတို့လည်း လပဟာပြင် အစားအသောက်တန်းမှာ ပလာ တာတို့ ခေါက်ဆွဲကြော်တို့ စားလေ့ရှိပါလိမ့်မယ်။ အဲဒီ တရုတ်တွေ ကုလားတွေကတော့ ခဏခဏ လာမစားရဘူးလို့ အစ်ကိုကြီး အပြောခံရ ဖူးတယ် ဆိုရင်တော့ ခု ကျွန်တော်ပြောတာတွေ မှားသွားပြီပေါ့။ တောင်း ပန်ပါတယ်”

“လူတိုင်းကို မယုံနိုင်ဘူးဗျ၊ မှောင်ခိုရောင်းစားမှာစိုးလို့ ပြောနေ တာ”

မနေ့ကအတိုင်းပင် စကားမဆုံးတဆုံးနှင့် အခြားအခန်းတစ်ခန်းသို့ ဝင်သွားလေတော့၏။

သို့သော် ဤ ‘သို့သော်’ ကား အလွန်အဖိုးတန်သော သို့သော် ဖြစ်ချေ၏။ အကြောင်းသော်ကား ရုပ်ရှင်လုပ်ငန်းတို့မည်သည်မှာ တောင်း စုတ်၊ ပလုံးစုတ်မှအစ လိုအပ်လှ၏။ တစ်ခါတစ်ရံ ခေတ်ပေါ် လျှပ်စစ်

mgyoe.com

mgyoe.com


တိုင်ကပ်နာရီကြီး လိုအပ်နေသကဲ့သို့ တစ်ကြိမ်တစ်ခါတွင်လည်း ရှေးခေတ် စားပွဲတင် နာရီအဟောင်းမျိုး လိုတတ်၏။ တစ်ခါက သောက်ရေအိုးတင်သော သုံးဒေါက်စင် မရှိ၍ ရုပ်ရှင်ရိုက် တစ်ရက်ပျက်ခဲ့ရဖူး၏။

အဆိုပါ မန်နေဂျာကြီးနှင့် ကတောက်ကဆဖြစ်ခဲ့ပြီး မကြာမီမှာပင် မေဒေးပြဇာတ် ကရန်အတွက် စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း စသည်များ အရေးတကြီး လိုအပ်နေသည်။ စေတနာ့ဝန်ထမ်း၊ ကိုယ့်စားရိတ်နှင့်ကိုယ် ကပြရမည်ဖြစ်၍ အပြင်ဈေးနှင့် ဝယ်ရန်မှာလည်း အနင့်သားပေးရမည်ဖြစ်၍ ရလိုရငြား ကံတရားထား၍ ယင်းမန်ဂျောထံသို့ပင် တပည့်တစ်ယောက်ကို လွှတ်လိုက်ရာ ရှောရှောရှူရှူပင် ဝယ်ခွင့်ပြုလိုက်၏

"သာစု....သာစု......ကောင်းလေစွ.... ကောင်းလေစွ....

❑

mgyoe.com

mgyoe.com



# ခင်ဗျား လူ့ဝါးဝမှာစိုးလို့

သာဓု အလွန်ချစ်သော သခင်အချို့သည် ဂျပန်ခေတ်က ဟန်ပြ ရရှိခဲ့သော အတုအယောင် အာဏာ မဖြစ်စလောက်ကလေးကိုပင် မမြင် ဖူး၍ (မူး) မြစ်ထင်ကာ အကြီးကျယ် ဘဝင်ကိုင်နေကြသောကြောင့် နိုင်ငံရေးသမားများကို စိတ်ပျက်ပြီး (နိုင်ငံရေးကိုမူ အသက်နှင့်ထပ်တူ ချစ်၏) ခပ်အေးအေးပင် ပူတူတူးပေါင်ဒါ လုပ်ရောင်းနေခဲ့၏။

ထမင်း၊ လက်ဖက်ရည်၊ စွပ်ကျယ် တပတ်နွမ်းကအစ သာဓုထံ တဖွဖွ အလှူခံလေ့ရှိသော သခင်အချို့ပင်လျှင် ရာဇဝတ်အုပ်လေးအစ၊ ရုံးအမှုထမ်းလေးအစ ဖြစ်လာသည်နှင့် သာဓုကို တွေ့သည်ကိုပင် မမြင် ဟန်ဆောင်သွားတတ်ကြသည်။ ပက်ပင်းတိုးနေသော အခါများတွင် လည်း စကားဟဟမပြော။ ထိုလိုသခင်များအနက် ရာထူးကြီးသူများက ပို၍ဆိုးသည်။ အာဏာများများရှိလေ များများ အဖက်မလုပ်ချင်ကြလေ ဖြစ်ကုန်ကြသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း တစ်ခါက ပြောဖူးသည်။

ထိုတစ်ခါကဆိုသည်မှာ အရွေးခံရသော လွှတ်တော်အမတ်သခင် များနှင့် ဆွေးနွေးကြသောအခါကဖြစ်၍ အဓိကအကြောင်းအရင်းမှာ

mgyoe.com

ပြည်သူတို့၏ အခွန်ငွေကို ချေးတာသောအားဖြင့်လည်းကောင်း၊ ပိုသော ငွေကို အခြားတစ်နေရာ လူထုအကျိုးအတွက် သုံးနိုင်ရန်လည်းကောင်း၊ သခင်အမတ်များက လခမယူရန် ဆွေးနွေးဆုံးဖြတ် အတည်ပြုသော ကာလ၊ သခင်အမတ်များကလည်း လစာမယူဘဲ နေကြမည်ဟု ကတိပြုသော အချိန်အခါသမယ၊ ယင်းအခါက ပြောဖူးသည်မှာ...

"အေး... ဒို့သခင်တွေ ခုတော့ အတော်ဟုတ်တာပဲ။ ဒါပေမဲ့ ဒီကောင်တွေ သိပ်တော့ စိတ်မချရသေးဘူး၊ ဝန်ကြီးလေး ဘာလေး ဖြစ်ပြီးမှ သူတို့စိတ်ထားအမှန်ကို သိရမှာ။ ဘယ်သူ ဆောင့်ကြွားကြွား ဖြစ်လာမလဲဆိုတာ"

ဆရာကြီးထင်သည့် (နိုင်ငံရေးဗေဒင် ဟောလိုက်သည့်)အတိုင်းပင် ကွက်တိမှန်နေသည်ကို ဂျပန်ခေတ်က လက်တွေ့သိလိုက်ရချေ၏။ (အထက်ပါ ဒုတိယအပိုဒ်အတိုင်း။)

လွတ်လပ်ရေးရပြီးစ တစ်နေ့တွင် သာစုသည် ရွှေတိဂုံဘုရားလမ်း ကျားကူးကွက်သစ်ရှိ တဲတစ်လုံးတွင် စာပုံနှိပ်စက်ရိုက်နေသည့်အခိုက် "လဲဗြီးတပ်"ယူနီဖောင်းဖြင့် ဗိုလ်ကြီးတစ်ယောက် ပေါက်လာသည်။ သူနောက်တွင် ငယ်သားတပ်သား ရာထူးအဆင့်ဆင့်တို့ သုံးလေးယောက်လည်း ပါလာသည်။ ရုတ်တရက် သူ့ကို မမှတ်မိ။ ဘယ်သူပါလိမ့်ဟု အကဲခတ်ရင်း ကုလားထိုင်များ ထုတ်ပေးလိုက်သည်။

သာစုမှာ ပုံနှိပ်စက်ရိုက်နေဆဲ တန်းလန်းက ထ၍ ဧည့်ခံရသောကြောင့် တစ်ကိုယ်လုံးပေကျံနေသည်နှင့် လက်ဆေးရန် အလှည့်လိုက်တွင်-

"ဟော့ ထိုင်ပါဦးကွ"

ထိုအသံကြောင့် ပြန်လှည့်အကြည့် ထိုဗိုလ်ကြီး၏ အပြုံးကို မြင်လိုက်ရမှ ရေနံ့သပိတ် အရေးတော်ပုံအတွင်းက သာစုတို့ ရေနံ့သပိတ်

mgyoe.com

mgyoe.com

တပ်ကြီး ချီတက်လာစဉ် သရက်မြို့မှ လိုက်လာသော သခင်တစ်ယောက် ဖြစ်နေသည်ကို သိရ၏။ ထိုစဉ်က အလွန်ရိုးသော၊ အေးသော၊ သိမ်မွေ့လှသော သခင်တစ်ဦးဖြစ်လျက် သာခုတို့နှင့်အတူ ရေနံသပိတ်တပ်ကြီးကို ခေါင်းဆောင်ခဲ့ကြရာတွင် သူ၊ သာခုနှင့် ပုဏ္ဏက သခင်ထွန်းစိန်တို့မှာ တတွဲတွဲဖြင့် အလွန်ချစ်ခင်ခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး လေးစားကြသည်။

ယခုမူ သူက–

"ဟော့ ထိုင်ပါဦးကွ" ဟု စကားစလိုက်သဖြင့် သာခု စိတ်တွင် တစ်မျိုးဖြစ်သွားသည်။

"ငါ ရန်ကုန် ရောက်ကတည်းက မင်းကို လိုက်ရှာနေတာ၊ ခု သခင်သက်တင် ပြောလိုက်မှ မင်း ဒီမှာနေကြောင်းသိရလို့ ငါ လာခဲ့တာပဲ"

သာခု တစ်ကိုယ်လုံး ကျင်သွားသည်။ သူသည် ရေနံသပိတ်တစ်လျှောက်လုံး အပြုံးနှင့် နူးညံ့သိမ်မွေ့ခဲ့သည်။ သူ့ထက်ငါးနှစ်ခန့်ငယ်သော မင်းဘူးမှလိုက်လာသည့် သခင်သိန်းလေးဆိုသူကိုပင် "ခင်ဗျား၊ ကျွန်တော်၊ ဟုတ်ကဲ့" စသည်ဖြင့် ပျော့ပျောင်းခဲ့ပါလျက်၊ သာခုကို ပို၍ လေးစားခဲ့ပါလျက် အဘယ်ကြောင့် မင်းတွေ ငါတွေနှင့် စကားမိုက်လုံးကြီးနေသည် မသိ။ သူ့ထက် ဆယ်ပြန်မကသော ခေါင်းဆောင်ကြီးများ၊ ဝန်ကြီးများပင်လျှင် သာခုအား ဤလို ရင့်ရင့်သီးသီးစကားလုံးမသုံး။

"အေး ငါဒီမှာနေကြောင်း မင်းသိပြီ၊ သိလို့လာပြီ၊ ငါနဲ့လည်း တွေ့ပြီ။ ကဲ မင်းငါ့ကို ဘာပြောချင်သလဲ၊ ပြောပြီးရင်ပြန် ငါအလုပ်ရှိသေးတယ်"

သို့လျှင် သာခုကလည်း ခပ်ရင့်ရင့်သုံးလိုက်သောကြောင့် သူ အတော်ကြီးမျက်နှာပျက်သွားသည်။ သူနှင့် ပါလာသူများလည်း အံ့အား

mgyoe.com

mgyoe.com


သင့်ကုန်ကြသည်။ ကွယ်ရာတွင် သူက သူ့ငယ်သားများအား မည်သို့မည်ပုံ လေလုံးထွားခဲ့သည်ကို တွေးစရာမလို၊ ယင်းတို့၏ အမူအရာအားဖြင့် သိသာနေပြီဖြစ်၏။

သူ ရုတ်တရက် ဘာမျှဆက်မပြောနိုင်၊ လက်ကိုင်ပဝါထုတ် ချွေးသုတ်ဖြင့် ပြောရမည့်အကြောင်းအရာ ရှာနေသည်။

"ဒီမှာ ရဲဘော်တို့၊ သူနဲ့ ကျွန်တော်နဲ့က ရေနံ့သပိတ်မှာ အတူတူ အသေခံဗိုလ် လုပ်ခဲ့ကြတာပေါ့။ သခင်ဖိုးလှကြီးပြီးရင် ပုဏ္ဏက သခင်ထွန်းစိန်၊ နောက် ကျွန်တော် ပြီးရင် သခင်တင်ဦး၊ အဲ နောက်တော့ သူပေါ့၊ သူက ပဥ္စမတပ်ဗိုလ်ဆိုပါတော့..."

သာစုလည်း ထိုသို့ပင် သူနှင့်ပါလာသော ငယ်သားများဘက်သို့ လှည့်၍ ပြောလိုက်၏။ သူ ပို၍မျက်နှာပျက်သွားသည်။ နောက် အခြားသောအလုပ်အကိုင် အကြောင်းများလောက်သာပြောပြီး လဲဗြီးဗိုလ်ကြီး ထပြန်သွားလေတော့သည် ဟူ၏။ (လဲဗြီးတပ်ဆိုသည်မှာ ဖဆပလတို့၏ ခါးပိုက်ဆောင်လက်နက်ကိုင်တပ်ဖွဲ့၊ မကြာခဏလည်း အမည်ပြောင်းသည်။)

ထိုနေ့က သူတို့ပြန်သွားပြီးနောက် အလုပ်လုပ်ရသည်မှာ မဖြောင့်ဖြစ်နေသည်။

သာစုနေသော ကျားကူးရပ်ကွက်ဆိုသည်မှာ စစ်ဘေးကြောင့် အနယ်နယ်မှ ပြေးလာကြသော ဒုက္ခသည်က လူများစုဖြစ်သည်။ လူပေါင်းစုံ၊ နယ်ပေါင်းစုံဖြစ်၍လည်း စရိုက်ပေါင်းစုံ ရှိကြသည်။ အချို့ယဉ်ကျေးပြီး အချို့အလွန်မိုက်ရိုင်းကြသည်။ သာစုထက်ငယ်သူအချို့က သာစုအား "မင်း-ငါ" အသုံးအနှုန်းသာမက တိုင်းထွာ၍ပင် ပြောတတ်ကြသော်လည်း သူ့စရိုက်နှင့်သူ ဖြစ်သောကြောင့် သာစု စိတ်မဆိုးနိုင်။ မကျေနပ်က နောက်ထပ် အရောမဝင်ဘဲနေလိုက်ရုံသာရှိသည်။

mgyoe.com

mgyoe.com


မိုက်ကန်းတတ်သူ ဆက်လက် မိုက်ကန်းနေသည်ကို ဘာပြောရန် လိုတော့သနည်း၊ အလွန်ယဉ်ကျေးသိမ်မွေ့ခဲ့သူက မိုက်ကန်းလာသည်ကို မူ သာခု သည်းမခံနိုင်။ သို့သည်းမခံနိုင်သည့်အကြောင်းရင်းများထဲတွင် သူ့အတွက် ယူကျုံးမရ ဖြစ်မိခြင်းလည်းပါသည်။

သတ္တလောကကြီးတွင် အဆိုးချည်းလည်းမရှိ၊ အကောင်းချည်း လည်း မရှိ။ အဆိုးနှင့်အကောင်း အမြဲဒွန်တွဲနေသည်ဟု သာခုတို့၏ ကိုးကွယ်ဆည်းကပ်ရာ ဂေါတမဘုရားက ဟောပြောသွားသည်။

တစ်နေ့သော နေ့လယ်ပိုင်းအချိန် အထက်ပါ ကျားကူးရပ်ကွက် မှာပင် ပုံနှိပ်စက်ရိုက်နေစဉ်မှာပင် သာခုတဲရှေ့ ပလက်ဖောင်းသို့ ကား အနက်ကလေးတစ်စီး ဆိုက်လာသဖြင့် သာခုက ဂရုတစိုက်ကြည့်နေ မိသည်။ ကားမှာ ထိုစဉ်က ဝန်ကြီးများသာ အများအားဖြင့် စီးသော "ဝိစလီကား"ဖြစ်၍ သာခုထံသို့ ပုံနှိပ်လုပ်ငန်းတစ်ခုခု အပ်ရန် လာလေ သလော။ "လာတတ်ကြသည်မှာ အိမ်တက်မင်္ဂလာဆွမ်းကျွေး၊ ဘုရား အနေကဇာတင်၊ ထိမ်းမြားမင်္ဂလာ စသည့်ဖိတ်ကြားစာများ အပ်နှံရန်" ယခုလည်း သို့ပင် ထင်လိုက်မိ၏။

ထူးခြားသည်ကား ယခုလာရပ်သည့်ကားမှာ အခါတိုင်းကကဲ့သို့ မဟုတ်၊ လက်နက်ကိုင် သက်တော်စောင့်များပါလာသည်။ ၄င်းတို့က ပထမဆင်းပြီး ကားနောက်တံခါးကို ဖွင့်ပေးရာ ခေါင်းပေါင်းနှင့် တိုက်ပုံ နှင့် အခန့်သား လူပုပုတစ်ယောက် ဆင်းလာသည်ကို တွေ့ရသဖြင့် သာခု ပို၍ အကဲခတ်ကြည့်နေမိသည်။

ဝန်ကြီးများလား၊ ငါ့မိတ်ဆွေ ဝန်ကြီးတွေဆိုလည်း ငါ့ဆီ မလာဖူး ကြပါဘူး။

ထိုသူလည်း ကားပေါ်မှဆင်းပြီး သာခုတဲဆီသို့ ဦးတည်လျှောက် လာပြန်သောကြောင့်–

mgyoe.com

mgyoe.com


“ဝန်ကြီးဆိုရအောင်လည်း ဒီလောက်ပုတဲ့လူ ဝန်ကြီးအဖွဲ့ထဲပါတာ မကြား၊ မမြင်မိပါဘူး”

ထိုအတွေးများ လျှပ်ပြက်သလို တစ်ကွက်ပြီးတစ်ကွက် ပေါ်လာခိုက် ထိုသူ သာစုတဲဝ ရောက်မှပင်…

“ဟာ- ဟေး ခင်ဗျား ဘယ်လိုဖြစ်လာတာလဲ”

သာစု ထိုမျှရေရွတ်နိုင်သည်။ တစ်စိတ်လုံးလည်း အံ့အားသင့်ခြင်းဖြင့် မအားမလပ်တွေနေသည်။ သာစုမှာလည်း ထုံးစံအတိုင်း ပုံနှိပ်မင်၊ ရေနံဆီ၊ စက်ဆီတို့ဖြင့် ပေရေကာ စွတ်ကျယ်စုတ်၊ ဘောင်းဘီတိုကပိုကရိုနှင့် ညစ်ပေနေသည်ကိုပင် ထိုသူက မရွံမရှာ သာစုလက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ရင်း…..

“ဒီမှာ… သခင်ဖေသန်းရဲ့၊ ခု ကျွန်တော် ဝန်ကြီးဖြစ်လာပြီ…”

သူသည် သာစုကို ကိုင်ထားသည့် လက်တစ်ဖက်ကို ဖြုတ်ကာ လက်မဖြင့် သူ့ရင်ညွန့်သို့ ထောက်ပြရင်းပြောနေသည်။ သို့သော် သူ့အမူအရာတွင် ဘဝင်ကိုင်၍ မာနထောင်လာသည့် အသွင်မျိုးမရှိ၊ ညီအစ်ကိုချင်း စာမေးပွဲအောင်သဖြင့် ဝမ်းသာအားရ လာကြွားသည့်အရိပ်လက္ခဏာမျိုးဖြစ်၏။

သူကား အခြားသူမဟုတ်၊ ဤစာအုပ်တစ်နေရာတွင် ဖော်ပြထားသော ချင်း ဗမာညီလာခံသို့အတူသွားခဲ့ကြသည့် သခင်လွင်ဖြစ်ချေ၏။ ထိုအချိန်က စုတ်ပြတ်ပေရေနေသော သာစုအား တရင်းတနှီး ယခုကဲ့သို့ ဖက်လှဲတကင်း ပြောဆိုပြုမူနေသည်ကို သူ့သက်တော်စောင့်များရော ပတ်ဝန်းကျင်ကပါ တအံ့တသြ ငေးမောနေကြ၏။

“နေစမ်းပါဦး၊ ဘယ်တုန်းက ဝန်ကြီးဖြစ်လိုက်တာလဲ။ သတင်းမကြား ဘာမကြားနဲ့”

mgyoe.com

mgyoe.com

"ဒီနေ့ပဲဗျ၊ မျက်စိလည်လမ်းမှားပြီး ဝန်ကြီးဖြစ်သွားတယ်၊ ခုပဲ ကျမ်းကျိန်ပြီးပြန်လာတာ အိမ်တောင် ပြန်မရောက်သေးဘူး။ ဝန်ကြီး ပူပူနွေးနွေးဘဝနဲ့ ပထမဆုံးတွေ့တာ ခင်ဗျားပဲ၊ တမင်ကို ခင်ဗျားဆီလာ တွေ့တာ..."

"အဲ.... လာရတဲ့အကြောင်းအရင်းက..."

"ဘာအကြောင်းမှ မရှိဘူး၊ တမင်သက်သက်ကို ခင်ဗျားဆီ ဦးဦး ဖျားဖျား လာနှုတ်ဆက်တာ။ ခင်ဗျား လှူပါးဝမှာစိုးလို့...."

သာခုက ရယ်၍...

"ဘာကို လှူပါးဝရမှာလဲဗျ"

"ဟာ... ခင်ဗျားက ယုံရတာမဟုတ်ဘူး။ လူတောထဲပေမဲ့ စိတ်မထင်ရင် စွတ်ပြောတတ်တယ် မဟုတ်လား"

ပြိုင်တူရယ်မိကြရာမှ သိသိသာသာများလာသော ပတ်ဝန်းကျင် လူထုကို သာခု အကဲခတ်လိုက်မိ၏။ သူတို့လည်း ရယ်နေကြသည်။ သာခုတို့ ကြည်နူးသလို သူတို့လည်း ဝေစုယူကာ ကြည်နူးနေကြသည်။

"ကဲ ဘယ်လိုလဲ ပြန်တော့မလို့လား၊ ထိုင်ဦးလေဗျာ"

"ဒီလိုနဲ့ ဘယ်ပြန်လိမ့်မလဲ၊ ညှော်သည်လာတာ တစ်ခုခုတော့ ကျွေးမှပေါ့ဗျ"

"ဒါဖြင့် လက်ဖက်ရည်လား၊ ကော်ဖီလား..."

"ကျွန်တော့် ရဲဘော်တွေအတွက်ပဲ လက်ဖက်ရည်လုပ်ဗျာ၊ ဘယ် မလဲ ဆရာမကော"

မေးရင်းပြောရင်းပင် သခင်လွင်လည်း အလယ်ခန်းတွင် မောင်ဝဏ္ဏ ကို နို့တိုက်နေသည့် မခင်ညိုအား နှုတ်ဆက်စကားပြောနေ၏။ သာခု ကလည်း တပည့်ကျော် မောင်မောင်လှ (ယခု- ကာလာမောင်မောင်လှ) အား လက်ဖက်ရည်မှာခိုင်းပြီး အလယ်ခန်းသို့ ဝင်သွားရာ သခင်လွင်

mgyoe.com

mgyoe.com


မရှိတော့ချေ။ နောက်ဖေးဘက် ဝင်သွားသည်ဆိုသဖြင့် လိုက်သွားသည်တွင် ဝန်ကြီးတစ်ယောက် ပြုမူလိမ့်မည်ဟု မမျှော်လင့်မိသော အဖြစ်မျိုးနှင့် ကြုံလိုက်ရချေတော့၏။

သာဓု ဘာမျှမပြောသေးဘဲ ရပ်ကြည့်နေသည်။ ခေါင်းပေါင်းစတလူလူဖြင့် ဝန်ကြီးပေါက်စ သခင်လွင်သည် ကြောင်အိမ်ကိုဖွင့်၍ ပန်ကန်ပြားတစ်ချပ် ဆွဲယူကာ ထမင်းအိုးဖွင့်ပြီး ထမင်းထည့်သည်။ နောက်ဒယ်အိုးထဲမှ ဘဲဥလုံးကြော်ဆီပြန် တစ်လုံးနှင့် အနှစ်အနည်းငယ်ခပ်ထည့်ကာ ကြောင်အိမ်ပြန်ဖွင့်သည်။ ငါးပိရေ နှစ်ဇွန်းခပ်ထည့်ပြီး လှည့်အလာတွင် သာဓုနှင့် မျက်နှာချင်းဆိုင်မိကြသည်တွင် သာဓုအား ပြုံးကြည့်ပြီး ထမင်းနှင့် ဟင်းရော၊ ငါးပိရည်ပါ အားပါးတရ ရောနယ်နေသည်။ ထမင်းတစ်လုပ် သူ့ပါးစပ်ထဲ သွတ်သွင်းလိုက်စဉ်…

“ပြောရောပေါ့ဗျာ၊ ခူးခပ်ပေးမှာပေါ့”ဟု သာဓုက ပြောရင်း မောင်ဝဏ္ဏတို့ အမေအား လှမ်းခေါ်လိုက်ရာ…

“မခေါ်နဲ့၊ ဆရာမကို ပြောပြီးမှ ကျွန်တော့်ဟာ ကျွန်တော် လာခူးစားတာ။ ခါတိုင်းလည်း ကျွန်တော်လာရင် ဒီလိုပဲ ခူးခပ်စားချင်စားတာပဲ မဟုတ်လား၊ ဆရာမ ကျောင်းသွားနေတဲ့…”

သာဓုတို့အား လှမ်း၍ မြင်နေရသော နေရာတွင် လက်ဖက်ရည်သောက်နေကြသော သက်တော်စောင့် ရဲဘော်တို့မှာလည်း ပို၍ ကဲ၍ အံ့သြငေးမောရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြ၏။

“ကဲ လာဗျာ အိမ်ရှေ့ထိုင်စား”

သာဓုက ပုပုဝန်ကြီးကို ဆွဲခေါ်လာပြီး အိမ်ရှေ့ဧည့်ခန်းသို့ ခေါ်လာသော်လည်း ကုလားထိုင်တွင် မထိုင်၊ စက္ကူထုပ်များပုံထားသည့် ကွပ်ပျစ်ပေါ်တက်၍ ဆောင့်ကြောင့်ကြီး ထိုင်စားနေပြန်ရာမှ သာဓုက တစ်စုံတစ်ရာ ပြောတော့မည်ကို သိသွားသည့်နှယ်…

mgyoe.com

mgyoe.com


"ဘာလဲဗျ၊ တောအလျှုမှာ ထိုင်စားနေတဲ့ တောသူကြီးနဲ့တူမနေဘူးလား။ ခင်ဗျားပြောမှာ ကျွန်တော်သိပါတယ်ဗျာ"

ထိုအခိုက် ဆရာမ ထွက်လာပြီး····

"အို···" ဟု ရေရွတ်လိုက်သည်နှင့်···

"မဟုတ်ဘူး ဆရာမရဲ့၊ ထမင်းနဲ့ဟင်းနဲ့ ခုလို ပုံပြီးစားတယ်ဆိုတာ ဒီအတိုင်း ထိုင်စားမှ အားရပါးရ ရှိတယ်ဗျ"

ဆိုက်ဆိုက်မြိုက်မြိုက် သာခုနှင့်မှ ကြုံလိုက်ရသော ဝန်ကြီးပေါက်စ သခင်လွင်၏ ရယ်စရာ ဖြစ်ရပ်တစ်ခုလည်း ရှိချေသေး၏။

အထက်ပါအရ သာခုအိမ်တွင် ထမင်းခူးစားသွားပြီးနောက် တစ်ပတ်လောက်အကြာတွင် ပုံနှိပ်စက်ကိစ္စဖြင့် အတွင်းဝန်ရုံးသို့အသွားရှေ့မှ လန်ချားတစ်စီးက ဖြတ်ပြေးလာသော ကလေးတစ်ယောက်ကို အရှောင်လိုက်တွင် သာခုကားနှင့် ဘွားခနဲ တိုက်မိတော့၏။ သာခုကားမောင်းလျှင် အလွန်သတိထားလေ့ရှိသည်နှင့်အညီ ကလေးကို ကြိုမြင်ကတည်းက အရှိန်သတ်ထားခဲ့၍သာ လန်ချားကို တိုးမိရုံ တိုက်မိသည်။ အရှိန်မပြင်းသော်လည်း လန်ချားဆွဲသူ ကုလားမှာ အဘိုးကြီးဖြစ်၍ မထိန်းနိုင်မဟန်နိုင်ဖြစ်ကာ လန်ချားမှာ နောက်သို့ ပက်လက်လန် ထောင်နေပြီး လန်ချားကုလားသည်လည်း လမ်းနှင့် ခြေထောက်သုံးပေလောက်လွတ်ပြီး မြောက်နေသဖြင့် သာခု ခပ်သုတ်သုတ် ပြေးဆင်းသွား၏၊ လေထဲတွင် မြောက်နေသော လန်ချားကုလားဘက်မှ ခုန်၍ လက်တံကို ဆွဲခို ဆောင့်ချလိုက်မှ လန်ချားမှာ ပုံမှန်အခြေသို့ ရောက်သွားစဉ်···

"ဟာ- သခင်ဖေသန်း"

"ဟေး- သခင်လွင်၊ ဘယ်လိုဝန်ကြီးလဲ ဒီဝန်ကြီးက"

"နေဦး ကျွန်တော်လည်း လိုက်မယ်"

ဖိုင်တွဲကို ချိုင်းကြားတွင် ညှပ်၍ လန်ချားပေါ်မှ လွှားခနဲဆင်း၊ ကုလားကို ပိုက်ဆံပေး၊ သာခုကားပေါ်သို့ ခပ်အေးအေးတက်လာသော

mgyoe.com

mgyoe.com


သခင်လှိုင်အား ဝန်ကြီးတစ်ယောက်ဟု ရပ်ကြည့်နေသူ အချို့က သိ၍ ပြုံးစေ့စေ့ဖြစ်နေကြ၏။

"အေးဗျာ–ဒီနေ့ ကားကလည်း ပျက်နေ၊ ရုံးမှာကလည်း အရေးကြီးတဲ့ကိစ္စတွေ ရှိနေတာနဲ့ လန်ချားပဲ စီးလာခဲ့ရတယ်"

"ဘာလဲဗျ အရေးမကြီးရင်တော့ လန်ချားလည်းမစီးဘူး ရုံးလည်း မလာတော့ဘူးလား"

"လုပ်ပြီ ခင်ဗျား၊ ကဲ ရုံးကို လိုက်ပို့၊ ဟိုရောက်ရင် လက်ဖက်ရည် တိုက်မယ်"

❑

mgyoe.com

mgyoe.com



# အစိုးရကိစ္စ စာအိတ် လှလှလေး

လွန်ခဲ့သောနှစ်က ထင်၏။ (လက်ခံမိတ္တူများ ရှိသော်လည်း ထရှာရမည်ပျင်းသောကြောင့်) ဤ 'လွန်ခဲ့သောနှစ်က' ဟု ထင်လိုက်ရသည်။ မကြာလှသေးသောနေ့တစ်နေ့ သတင်းစာတစ်စောင်တွင် သတင်းတစ်ရပ်ကို ဖတ်လိုက်ရင်းက သာစု သက်ပြင်းရှည်ရှည် ချလိုက်မိ၏။

သတင်းမှာ....

နိုင်ငံခြားမှ မှာယူထားသော နီယွန်မီးချောင်းကိရိယာနှင့် လိုအပ်သော ပစ္စည်းများ ကုန်သွယ်ရေးတစ်ခုသို့ ရောက်လာပြီဖြစ်ကြောင်း။ (မရှင်းသေးသူများအတွက် ပို၍ သဘောပေါက်အောင် ဖော်ပြရသော် ယင်း နီယွန်မီးချောင်းဟူသည်မှာ ရောင်စုံဖန်ချောင်း ကလေးများဖြင့် စာလုံးဖော်၍ မီးထွန်းထားသော ဆိုင်းဘုတ်၊ လူပုံ၊ မြင်းပုံ၊ လေယာဉ်ပျံပုံ၊ ပန်းပွင့်ပုံ စသည်ဖြင့် ကြိုက်ရာပုံဖော်၍လည်း မီးအလှ ထွန်းနိုင်၏။ ငြိမ်နေသော မီးဆိုင်းဘုတ်သာမက ပတ်ချာလည် ပြေးနေသော၊ ရှေ့တိုးနောက်ဆုတ်လှုပ်နေသော၊ စာတစ်ကြောင်းချင်း၊ တစ်လုံးချင်း လင်းလိုက်၊ ပြိုင်တူလင်းလိုက် စသည်ဖြင့်လည်း ဖန်တီး၍ရသော မီးချောင်း ရောင်စုံဆိုင်းဘုတ်လုပ်သည့် ဓာတ်မီးတစ်မျိုးဖြစ်၏။ ရန်ကုန်တွင် အများဆုံး

mgyoe.com

mgyoe.com


သုံးခဲ့ကြသောကြောင့် ရန်ကုန်ပရိသတ်ကမူ နီယွန်လိုက်ဆိုသည်နှင့် အလိုလို သိပြီးဖြစ်ကြသည်။)

"အဆိုပါ နီယွန်မီးများကို ပုဂ္ဂလိကလုပ်ငန်းများ အဆောက်အဦများအတွက် အခကြေးငွေယူ၍ တပ်ဆင်ပေးမည်ဖြစ်ကြောင်း။ သို့သော်လည်း ထိုနီယွန်မီးဆိုင်းဘုတ်များကို အစိုးရအဆောက်အဦများ၊ ကော်ပိုရေးရှင်းများ၊ ဌာနဆိုင်ရာ စက်ရုံများအတွက်သာ ဦးစားပေး၍ အခကြေးငွေနှင့်ပင် တပ်ဆင်ပေးမည်ဖြစ်ကြောင်း"

ဟူသည့်သတင်း....

ထိုသတင်းကို ဖတ်၍ဆုံးသည်နှင့် သာစု စိတ်မောလှူမောဖြစ်သွားသည်။ နားနှင့်မနာ ဖဝါးနှင့်သာ နာစေလိုသည်မှာ... သာစုသည် အချိန်ရှိသရွေ့ အလုပ်လုပ်နေရမှ လုပ်နေမှ၊ နေထိုင်ကောင်းသူ ဖြစ်သည့်အတိုင်း အိမ်သာတက်ရာတွင်ပင် အချိန်ကို အလဟဿအကုန်မခံနိုင်။ သတင်းစာ သို့မဟုတ် ဖတ်စာတစ်ခုခု မပါလျှင်မသွား၊ အကြောင်းမဲ့ကုန်သွားမည့် အချိန်များကို နှမြောလှသည်။ ကိစ္စပြီးသည်အထိ စာဖတ်သည်၊ မပြီးသေးမီ ဖတ်စရာကုန်သွားသော် တစ်ယောက်ယောက်ကို ခေါ်၍ အော်၍ ထပ်တောင်းတတ်၏။

ထိုနေ့ကမူ ဖတ်စရာလည်း မကုန်သေး၊ ကိစ္စလည်း မပြီးသေးသော်လည်း အဆိုပါသတင်းအရ အမြန်ဆုံး ထထွက်ခဲ့မိ၏။ ချက်ချင်းလည်း ဆောင်းပါးတစ်ပုဒ်ကောက်ရေးကာ ယင်းသတင်းစာတိုက်သို့ပင် ပို့လိုက်၏။ နာရီမဆိုင်း နေ့တွင်းချင်း ပို့ခိုင်းလိုက်၏။

သာစုရေးလိုက်သော ဆောင်းပါး၏ သဘောအတိုချုပ်သည်ကား ဆိုလျှင်...

ယနေ့ထုတ် ဤသတင်းစာတွင် အစိုးရအဆောက်အဦများ၊ ကော်ပိုရေးရှင်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများအတွက် နီယွန်ရောင်စုံ ဆိုင်း

mgyoe.com

mgyoe.com

ဘုတ်များ အခကြေးငွေဖြင့် တပ်ဆင်ပေးနိုင်ရန် နိုင်ငံခြားပစ္စည်းများ မှာယူရောက်ရှိလာပြီဖြစ်သည့် သတင်းနှင့်ပတ်သက်၍ သာခု ဖတ်ပြီး ပြီးချင်း ဤဆောင်းပါးကို ရေးချလိုက်မိ၏။

သာခု နားလည်သလောက်၊ သိရှိမှတ်သားမိသလောက်ဆိုမူ အဆို ပါ နီယွန်းဆိုင်းဘုတ်ကို တစ်ချိန်သောအခါ ရုပ်ရှင်ဇာတ်ကား ကြော်ငြာ များ၊ စီးကရက်ကြော်ငြာ၊ ဆေးကြော်ငြာ၊ လေကြောင်းကုမ္ပဏီကြော်ငြာ၊ ရုပ်ရှင်ရုံများအမည် စသည်တို့အတွက်သာ အသုံးပြုကြသည်။ အရှင်းဆုံး စကားအားဖြင့်ဆိုသော် စီးပွားရေးအဓိက ကြော်ငြာမျှသာဖြစ်ချေသည်။

ယခု ဖတ်ရှုရသော သတင်းတွင်မူ ယင်းရောင်စုံနီယွန်မီးချောင်းများ ကို အစိုးရဌာန အသီးသီး၊ ကော်ပိုရေးရှင်း အသွယ်သွယ်တို့တွင်ပါ ရောင်စုံနီယွန်မီးဖြင့် ထိန်ထိန်ညီးစေမည်ဆိုသဖြင့် သာခု ရင်ဖိုသွား သည်။

နီယွန်မီးရောင်စုံဟူသည် ကြော်ငြာအတွက်သာဖြစ်လျက် များသော အားဖြင့် ညလုံးပေါက်ထွန်းထားပြီး ကြော်ငြာကြသည်။ မိမိတို့ လုပ် ငန်းအမည် လူသိများရေး၊ ကုန်ပစ္စည်းတံဆိပ်အမည် အများသူငါ အမြဲ မှတ်မိနေရေး စသည်တို့အတွက် သုံးကြသည်ဖြစ်ရာ အစိုးရဌာန အဆောက်အဦများအဖို့ ဤလိုလူသိများရန်အတွက် ကြော်ငြာရန် လိုအပ် ပါသေးသလား။

စီးပွားရေးနှင့်ပတ်သက်၍ ဥပမာ "တုံတုံချမ်း-ဟော်တယ်"ဆိုပါ မူ သူ့ဟော်တယ်အမည်ကို လူတိုင်းပါးစပ်ဖျားတွင် သီးနေလိုသည်။ အမြဲတမ်း သတိရနေစေလိုသည်။ ထို့အတူ "ပေါက်ပေါက်"ထီဆိုင် သည် အထိုးများစေချင်သောကြောင့် ရောင်စုံမီးနှင့် ကြော်ငြာရန်လိုအပ် သည်။

mgyoe.com

mgyoe.com


ဆံပင်ညှပ်ဆိုင်၊ ကိတ်မုန့်တိုက် စသည်တို့ရော ရောင်းကုန်ပစ္စည်းဟူသမျှတို့မှာ အမြဲတစေ ကြော်ငြာနေရပေမည်။ သိပြီးသူ ပို၍သိရန်နှင့် မသိသေးသူများ သိသွားစေရန် ဆန်းဆန်းပြားပြားပင် ကြော်ငြာရမည်ဖြစ်၏။ တစ်ခါတစ်ရံ ထူးစွာ ကြော်ငြာ၍ တစ်ခါတစ်ကြိမ်တွင်မူ ရိုးစွာ ကြော်ငြာကြသည်ကို အများသူငါ သိကြသည်။ စီးပွားရေးပိုင် ပုဂ္ဂလိကကုန်သည် အသိုင်းအဝိုင်းက မိန်းမလျာများကိုသုံး၍ တဝုန်းဝုန်း ကြော်ငြာသည်ကို ပရိသတ်ကလည်း တပြုံးပြုံး လက်ခံကြသည်။ အစဉ်အလာ ဖြစ်နေချေပြီ။

အစိုးရဟူသည်မှာ ဣန္ဒြေရှိရမည်၊ တည်ငြိမ်ရပေမည်။ အစိုးရဌာန၊ အဆောက်အဦစသည်တို့မှာ သူ့ကိစ္စနှင့်သူ သိကြပြီးဖြစ်လျက် မသိသေးသူကလည်း သူ့အလုပ်နှင့်သူ သိအောင်စုံစမ်းပြီး မတွေ့တွေ့အောင် ရှာ၍ သွားကြပေမည်။ ဗီဇဝါလက်ဖက်ရည်ဆိုင်ကဲ့သို့ သူ့ဆိုင် လူမသိသောကြောင့် အခြားဆိုင်၌ ဝင်သောက်သွားမည်လည်း စိုးရိမ်ရန်မလို။ သင်္ချိုင်းကျွန်းမြို့နယ်ရှိ ဘဏ်တိုက်နှင့်သာပတ်သက်သော ကိစ္စကို ကမာရွတ် အင်းစိန်ဘဏ်များသို့ သွား၍မရ။ ထို့ကြောင့် သင်္ချိုင်းကျွန်း စသည့်ဘဏ်များတွင် နီယွန်ရောင်စုံဆိုင်းဘုတ်တပ်၍ ပေါ်လာမည့်အကျိုးအကြောင်းတရားသည်ကား ဓာတ်မီးသည် ညအခါတွင်သာ ထွန်းကြရသည်ဖြစ်သောကြောင့်၊ လှလှပပရှိမည်လည်း ဖြစ်သောကြောင့် ညဝက်ထွန်းသည်ဖြစ်စေ၊ ညလုံးပေါက်ထွန်းသည်ဖြစ်စေ ဓာတ်အားကုန်သည်မှ အပ ဘာမျှအဓိပ္ပာယ်မရှိ။

သည်သာမက အစိုးရအနေဖြင့် အလွန်အမင်း ကလေးကလားနိုင်သွားပေမည်။ ခေတ္တမျှ မျက်စိစုံမှိတ်၍ တရိပ်ရိပ် တွေးကြည့်ပါ။ စိတ်ရောဂါဆေးရုံကြီး၊ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဝန်ကြီးများရုံး၊ အင်းစိန်မြို့အကျဉ်းထောင် စသည်ဖြင့် ရောင်စုံနီယွန်မီး

mgyoe.com

mgyoe.com


ဆိုင်းဘုတ် အဖြာဖြာဖြင့် ဝေဆာနေခဲ့သော် အခြားသူများအဖို့ မည်သို့ မြင်မည် မသိသော်လည်း သာစုအတွေးတွင်ကား အသက် ၆၀–ကျော် ဒေါ်ဒေါ်ကြီး ဖဲပြားရောင်စုံစည်းထားသည်သို့ အကွင်းသား မြင်ယောင် လာသည်သာ ဖြစ်၏။

ဤဆောင်းပါးကို လက်အညောင်းခံ ရေး၊ လမ်းစရိတ်အကုန်ခံ သတင်းစာတိုက် ပေးပို့ရာ၌ သာစုအကျိုး တစ်ပြားသားမျှမပါ။ အမုန်းသာ ခံချင်ခံရမည်။ ဖြစ်လိုရာဖြစ်စေ၊ တိုင်းပြည်အတွက်မူ ဆိုရေးရှိက ဆိုရမည်။ အကယ်တိ သက်ဆိုင်ရာတို့က အစီအစဉ်ချပြီးဖြစ်၍ အစိုးရဌာန အသွယ်သွယ်တွင် ထည်ဝါသော နီယွန်မီးချောင်းများ တပ်ဆင် တော့မည်ဆိုက…

ယခု "အစိုးရကိစ္စ" ဟူသော စာတံဆိပ် ရိုက်နှိပ်အသုံးပြုနေသည့် အလွန်ခံ့ထည် ဣန္ဒြေရှိလှသော အညိုရောင်ရုံးသုံး စာအိတ်များနေရာတွင် ပန်းပွင့်ကလေးများ၊ ရှုမျှော်ခင်းများ၊ ကဗျာ အတိုအထွာကလေးများ၊ ကောင်လေးနှင့် ကောင်မလေးတို့၏ ချစ်ရုပ်ပုံလွှာကလေးများ ရိုက်နှိပ်ထားသည့် ရောင်စုံစာအိတ်ကလေးများနှင့် အစားထိုးလိုက်မည်ဆိုပါက နီယွန်မီးချောင်း ရောင်စုံထိုထိုနှင့် ပို၍ ပဏာရမည် ဖြစ်ကြောင်း အကြံဉာဏ် ဆောင်းလိုက်ရတော့သည်။

(ဤဆောင်းပါးကား သတင်းစာအစား ပိဿာချိန်ထဲ ပါသွားလေတော့သတည်း။)

❑

mgyoe.com

mgyoe.com



# ဟဲ့–နှင့်အိပ်မက်ကလည်း လူဝါးဝလှချည်လား

တစ်နေ့သော် သာခုသည် အဘယ်ကြောင့်ဟူ၍ မသိ။ မကြုံစဖူး ခေါင်းကိုက်လာပြီး မည်သည့်ဆေးသောက်၍မှ မပျောက်၊ ပိုဆိုးသည် ထက်ဆိုးလာကာ နောက်ဆုံးမျက်ရည်ပင် မဆည်နိုင်အောင် ခေါင်းကိုက် ခြင်း ပြင်းထန်လာသဖြင့် ရဲဘော်ပုဏ္ဏကသခင်ထွန်းစိန် ရှိရာသို့ သုတ်ခြေ တင်ခဲ့သော်လည်း သူ့ကိုမတွေ့။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းအိမ် သွားကြောင်း ပြောလိုက်သဖြင့် ဆရာကြီးအိမ်သို့ ပြေးရပြန်၏။ (ခေါင်း ကိုက်ခြင်းနှင့် သခင်ထွန်းစိန် မည်သို့ သက်ဆိုင်သည်ဆိုသည့်အချက် မှာကား သူသည် မြန်မာ့ဘယဆေးများကို ဝါသနာပါပြီး အကိုက်အခဲ အညောင်းအညာနှင့် ပတ်သက်၍လည်း အကြောအခြင်သဘောတရားကို ခေါက်မိထားသူ ဖြစ်၏။)

တစ်ခါက သာခုဘောလုံးကန်ရင်းထိခိုက်မိကာ ဒူးတစ်ခုလုံးရောင် ပြီး မကွေးနိုင် မဆန့်နိုင်ရှိနေစဉ် သခင်ထွန်းစိန် ရောက်လာပြီး အဖြစ်ကိုသိသွားသည်နှင့် သူနှိပ်ပေးရာ နာရီဝက်လောက်အတွင်း သိသိ သာသာ ဆန့်နိုင်လာပြီး နောက်တစ်နေ့သော် လုံးလုံးပျောက်သွား၏။ ထို့ကြောင့် သူ့ထံသို့ပြေးခဲ့ရာမှ ဆရာကြီးအိမ်ရောက်သော် သခင်စံထွန်း လှ၊ သခင်ဗသာ၊ သခင်ဘရင်ကြီးတို့ပါ ရောက်နေသည်။ သာခုလည်း

mgyoe.com

mgyoe.com

ဆရာကြီးကို ဦးချပြီး နှုတ်ခွန်းပင် မဆက်နိုင်၊ သခင်ထွန်းစိန်ကိုသာ လက်တို့ခေါ်ပြီး ခေါင်းကိုက်ကိုက်စွ ဖြေရှင်းခိုင်းနေရတော့၏။

"အေးပါကွာ၊ အိပ်မက်ဆိုတာက စွဲလမ်းရင်လည်း မက်တာပဲ။ ဆရာ ခေါက်မိသလောက်တော့ ဆိုပါတော့ကွာ၊ ကိုယ်ချစ်သူ၊ ခင်သူကို စွဲလမ်းတယ်၊ တမ်းတတယ်ဆိုရင် အိပ်မက်ထဲ ပေါ်လာတတ်တဲ့သဘော။ အေး- ချစ်လွန်းလို့မှ မဟုတ်ဘူးကွ၊ နာနာကျည်းကျည်းမုန်းလို့ စိတ်ထဲ ဖျောက်မရရင်လည်း မက်တတ်တယ်ပေါ့ကွာ"

ဆရာကြီးနှင့်သခင်တစ်စုသည် အဘယ်စကားမှ အဘယ်ပုံ စကား ဦးလည်လာကြသည်မသိ၊ ယခုအထက်ပါအတိုင်း ကြားလိုက်ရသော ကြောင့် သာခုလည်း စိတ်ဝင်စားလာသည်နှင့် ဂရုတစိုက် နားစွင့်နေမိ၏။

"တစ်ခါတလေ ဆရာကြီး။ ကျွန်တော် ငါးအရိုးဆူးတာ တစ်နေ့ လုံးဘယ်လိုမှ လုပ်လို့မရဘူး။ ဒါနဲ့ လည်ချောင်းကလည်း သိပ်နာလာလို့ စိတ်ညစ်ညစ်နဲ့ဝင်အိပ်လိုက်တာ အိပ်လည်းပျော်သွားရော အိပ်မက်ထဲမှာ လည်း အရိုးစူးလို့တဲ့၊ သံပရာသီးစားလိုက်တာ ပျောက်သွားရော။ နောက် လန့်နိုးတော့ အရိုးစူးတာ မပျောက်သေးတာနဲ့ စိတ်ပေါက်ပြီး သံပုရာသီး ရှာစားလိုက်တာ အတော်ကလေး သက်သာသွားတယ်ခင်ဗျာ"

ဤသို့ပြောလိုက်သူကား၊ သခင်ဗသာ။

"မနက်ကျတော့ ပျောက်သွားရောလား"

"ဟုတ်ကဲ့ ဆရာကြီး၊ အဲဒါကို နတ်ကောင်းနတ်မြတ်က အိပ်မက် လာပေးတာဆိုရင် ဖြစ်နိုင်ပါ့မလား"

"ဟ- နတ်ကောင်းနတ်မြတ်က နင်နဲ့ ဘာဆိုင်လို့တုံး"

တစ်အိမ်လုံး ဝုန်းခနဲ ပွဲကျသွားတော့၏။

"ဒီလိုရှိတယ်ကွ၊ မင်း ခုနပြောတာ အရိုးစူးရင် သံပရာသီး အရည်ကို တမြုံ့မြုံ့မျိုချရင် ပျောက်တတ်တယ်။ သဘောကတော့ ငါး

mgyoe.com

mgyoe.com


သလောက်ကို အရိုးမြည့်အောင် ရှာလကာရည်နဲ့ ပြုတ်သလိုပေါ့။ အချဉ်ဟာ အရိုးရောအသားကိုပါ နူးညံ့စေတယ်၊ အေး– မင်းမက်တဲ့အိပ်မက်က ဒီလိုဖြစ်လိမ့်မယ်၊ အရိုးဆူးရင် အချဉ်စားရမယ်ဆိုတာ မင်းကြားဖူးနားဝရှိပေမဲ့ မေ့နေရော။ အဲဒါ မင်းကို အိပ်မက်ကတစ်ဆင့် ပြန်သတိပေးတဲ့ သဘောပဲ၊ မင်းကလည်း အရိုးစူးတာကို စွဲလမ်းနေတယ်မဟုတ်လား''

သာစုမှာ ဆရာကြီးစကားကို နားစွင့်အာရုံစိုက် နေမိ၍လားမသိ ခေါင်းကိုက်ကိုပင် မေ့နေချေသည်။ နောက် သခင်ထွန်းစိန်က သာစုအား သတိနှင့်နေရန်နှင့် မျက်လုံးများ ပြာသွားလျှင် သူ့အား လက်တို့လိုက်ရန် ပြောပြီး သာစု နားရွက်အောက်နားဆီသို့ လက်မနှင့် ထောက်လိုက်ပြီးနောက် မကြာမီမှာပင် မျက်လုံးများပြာရုံသာမက အရောင်မျိုးစုံ ဖြာထွက်သွားသောကြောင့် သာစုလည်း သခင်ထွန်းစိန်အား လက်ကုတ်လိုက်ရ၏။ သူက ထောက်ထားသော လက်ကို ဖြည်းဖြည်းချင်း ဖြေသည်။ ခေါင်းကိုက်လည်း သိသိသာသာ လျော့သွား၏။ ထိုအတွင်း ဆရာကြီးဘာတွေပြောပြသည်ကို မသိလိုက်ရ။

''ဒီမှာ ဆရာကြီး၊ ကိုယ်က တစ်ခုခုသိပြီးသားကိစ္စ မေ့နေရင် အိပ်မက်က ခုလိုပဲ သတိပေးတတ်သလား။ အဲ့ဒါဘာကြောင့်လဲ ဆရာကြီး'' တစ်ယောက်က မေးပြန်၏။

''အတိအကျတော့ ဘယ်ပြောလို့ရမလဲကွာ။ ဖြစ်တတ်တဲ့ သဘောလောက်ပဲပေါ့။ ဆရာကိုယ်တိုင် တစ်ခါက ပေထုပ်ထင်ပါရဲ့၊ အထားမှားပြီး ပျောက်နေတာ ဘယ်လိုမှရှာမတွေ့ဘူး။ သည်တော့ ပြန်တွေ့တယ်လို့ အိပ်မက်မက်တာ၊ မနက်ကျတော့ အဲဒီနေရာမှာ ရှာကြည့်တာ ချက်ချင်းတွေ့တာပဲ။ အဲဒါဆရာ့အထင် ပြောရရင် ဒီပျောက်တဲ့ပစ္စည်းကို စိတ်က သိပ်စွဲလမ်းနေတယ်၊ ပြီးတော့ လူကသာ မောလို့ဆက်မရှာတာ၊ စိတ်က

mgyoe.com

တော့ ဟိုနေရာထားမိသလိုလို ဒီနေရာထားမိသလိုလိုနဲ့ တွေးနေရှာမိနေတာကိုး။ အိပ်တော့လည်း ဒီစိတ်ကမပျောက်ဘူး ထင်ပါရဲ့ကွာ၊ အိပ်မက်လိုလိုနဲ့ သွားတွေ့တာပဲ"

သာဓုလည်း ခေါင်းကိုက်သက်သာသွားပြီး ဖြစ်၍ ဆရာကြီးအနီးသို့ ကပ်သွားမိ၏။

"တစ်ခါက ကျွန်တော် ရုပ်ရှင်ကြည့်ရသလိုလို စာအုပ်ထဲလိုလိုတွေ့လိုက်ရဖူးတယ်" လူတစ်ယောက်ဟာ အိပ်မက်မက်ပြီး သင်္ချိုင်းထဲ့ရောက်သွားရာမှ အဲဒီလူရဲ့နာမည်နဲ့ ဘယ်နေ့က အနိစ္စရောက်တယ်ဆိုတာပါ နေ့အတိအကျနဲ့တွေ့ရပြီးနောက် အဲဒီလူဟာ အဲဒီနေ့မှာပဲ တကယ်သေသွားပါတယ်။ ဒါကော တကယ်ဖြစ်နိုင်ပါသလား ဆရာကြီး"

အခြားသခင်တစ်ယောက်က မေးပြန်စဉ်-

"အိမ်း…တဖြည်းဖြည်းနဲ့ ဒို့လည်းအိပ်မက်သခင်တွေ ဖြစ်ကုန်ပြီ။ အဲ-အဲ ဘာဖြစ်ဖြစ်အစုံသိထား၊ တတ်ထားရင်လည်းကောင်းတာပဲ။ ဒို့သခင် တရားပွဲ လူစည်တာပေါ့။ ခုပြောတဲ့အိပ်မက်မျိုးက နိမိတ်ပြအိပ်မက်ခေါ်တယ်၊ ဖြစ်လည်းဖြစ်နိုင်တယ်။ တစ်ခါတလေ မင်းတို့လည်း မက်ဖူးမှာပေါ့၊ မမျှော်လင့်တဲ့ ညေ့်သည် လာလည်တာမျိုး အိပ်မက်ပြီး နောက်မကြာခင် တကယ်ရောက်လာတာလေ။ တစ်ခါတစ်လေကျတော့လည်း အိပ်မက်ကပေမဲ့ ဗြိတိသျှနယ်ချဲ့သမားလိုပဲ သိပ်ပရိယာယ်များတယ်ကွ"

ရယ်ကြရပြန်သည်။

"ကလေးကလား ပြောရဦးမယ်။ မိတ်ဆွေလည်းမိတ်ဆွေ တပည့်လည်း တပည့်၊ အဲဒီလင်မယားအိမ်မှာ တစ်နေ့ ဆရာထမင်းစားနေတုန်း သူတို့ချင်း ပြောနေကြတာလေ။ တစ်ယောက်ကအိပ်မက်အကြောင်း ပြောတယ်၊ လမ်းထိပ်က ခေါက်ဆွဲဆိုင်မှာ ဝက်ခြေထောက်

mgyoe.com

mgyoe.com


စွပ်ပြုတ်သောက်ရတယ် လို့ မက်သတဲ့။ အဲဒီအချိန်မှာ ၃၆ ကောင် ခေတ်စားနေတာလား၊ ဒါ အဲဒီအိပ်မက် မက်သူက "တရုတ်ဆိုတာ ဝက်၊ ဝက်ခြေထောက်စွပ်ပြုတ် ဆိုတော့ သိပ်စင်းတဲ့အိပ်မက်ပေါ့လေ၊ အိပ်မက်က အဲဒီတော့ ၃၆ကောင် 'ဝက်' ထိုးမယ်၊ ဒီ့ပြင်တစ်ယောက်က တော့ 'ဝက်ကိုလည်းထိုး၊ ပြီးတော့ တရုတ်ဆိုတာ ကျောက်စိမ်းသိပ် နှစ်သက်တဲ့ လူမျိုးမို့ ကျောက်စိမ်းပါ ထည့်ထိုးပေါ့လေ…" အိပ်မက် မက်သူရော အကြံပေးသူရော ချက်ချင်းပဲ သွားထိုးကြတယ်။ ညနေဘက် ထီဖွင့်တော့ 'ကျောက်စိမ်း' ပေါက်လို့တဲ့၊ တစ်ယောက်နှစ်ကျပ်ဖိုး ထိုးတာ ၃ဝ စီလောက်နိုင်ကြတယ်ဆိုလားပဲ။ သူတို့တွက်ကိန်းက သိပ် မဆိုးလှဘူး၊ အိပ်မက်သဘောက တစ်ခါတလေ ပြောင်းပြန်ကောက်ရ တာတို့ နီးစပ်ရာယူရတာတို့၊ ယတြာချေရတာတို့ အမျိုးမျိုးရှိသပေါ့ကွာ။ ဒို့ဗမာတွေ တချို့အယူရှိတယ် မဟုတ်လား၊ နေထိုင်မကောင်းတဲ့လူ လှလှပပ ဝတ်စားထားတာ မြင်မက်ရင် လူမမာ စိုးရိမ်ရတယ်၊ အဲ့- ရိုးရိုး ကျန်းကျန်းမာမာ လူတစ်ယောက် သေတယ် မြင်မက်ရင် အသက် ရှည်မယ် စသည်ဖြင့်ပေါ့"

ယခု အခြားသခင်များ မေးသည့်အဖြစ်ရော ဆရာကြီးပြောပြသည့် အိပ်မက်မျိုးပါ အတော်စုံစုံ သာဓု မက်ဖူး၏။ သို့သော် အလွန်ထူးခြား သော အိပ်မက်တစ်မျိုး သာဓုမက်ဖူးရာ မိုးလင်းလင်းချင်း သာဓု၏ ဖခင်ကို ပြောပြလိုက်ရာ အဖေတွင် မျက်လုံးမျက်ဆံပြူးသွားပြီး…

"အဖေတောင် ကြက်သီးထသွားတယ်ကွာ၊ မင်း အိပ်မက်မျိုး ဒီတစ်ခါပဲ အဖေကြားဖူးသေးတယ်။ သူများတွေကိုတော့ သွားမပြော ပါနဲ့ကွာ၊ ဘယ်သူမှယုံမှာ မဟုတ်ဘူး"

သာဓု မကျေနပ်၊ မိမိအမှန်မြင်မက်သည့် အိပ်မက်ဖြစ်ပါလျက် မည်သူမျှ မပြောနှင့်ဆိုသည်မှာ အဘယ်ကြောင့်ဟု သာဓုသိချင်သည်။

mgyoe.com

mgyoe.com


ယုံမှာမဟုတ်၍ မပြောသင့်သလော၊ ယုံသည်မယုံသည်မှာ နားထောင်သူ၏ တာဝန်သာဖြစ်သည်ဟု ယူဆသည့်အတိုင်း ပို၍လည်း ရှင်းရှင်းသိချင်သောကြောင့်…

"သူတို့မယုံတာနဲ့ ကျွန်တော့် အိပ်မက်အကြောင်းကို မပြောပြရတော့ဘူးလား အဖေရာ"

"ဒီလို မဟုတ်ဘူးလေကွာ။ မင်းအိပ်မက်က ရှာမှရှားဖြစ်နေလို့၊ နောက်ပြီးတော့လည်း အေးလေကွာ မင်းပြောရင် မင်းပဲ အမုန်းခံလိမ့်မယ်၊ တမင်လုပ်ပြောတာလို့လည်း ထင်ချင်ထင်ကြလိမ့်မယ်။ ဒါကြောင့် အဖေ တားမြစ်တာပေါ့"

ယခုအထိလည်း သာစုမကျေနပ်နိုင်သေး။ သို့သော် ကိုယ့်အိပ်မက်နှင့်ကိုယ် အမုန်းခံရမည်ကိုကား မလိုလားနိုင်သောကြောင့် ထိုအိပ်မက်ကို မေ့မေ့ပျောက်ပျောက်ပင်ထားလိုက်၏။ သို့သော် ဤစာအုပ် တစ်နေရာတွင် ဖော်ပြထားသည့်အတိုင်း အရဏ်ဆွမ်းကပ်ရန် စနေနေ့ညဘုရားတက်တိုင်းတွင်မူ အမြဲသတိရ၏။ယခုလည်း အိပ်မက်ဆိုသည်များဆွေးနွေးနေခိုက်နှင့်လည်း ကြုံကြိုက်၊ ပညာအရာ၊ ဗဟုသုတ အရာအားဖြင့်လည်း ခေါင်ခိုက်အောင် ပြည့်ဝနေသော ဆရာကြီးကိုယ်တိုင်က လက်ခံပြောဆိုနေသည်နှင့် သာစုသည် သာစုအိပ်မက်အကြောင်းကို မေးမြန်းချင်လာ၏။ ဆရာကြီး၏ ထင်မြင် ဝေဖန်ချက်များကိုလည်း ခံယူချင်လာ၏။

"ဆရာကြီး၊ အိပ်မက်ဆိုတာမှာ မပြောသင့် မပြောထိုက်တဲ့ အိပ်မက်၊ လူမုန်းခံရတတ်တဲ့ အိပ်မက်ဆိုတာရှိပါသလား" ဟု သာစုကမေးလိုက်သည်နှင့်–

"ယော– သခင် အကောင်သေးသေးကလေးက ကတ်သီးကတ်

mgyoe.com

mgyoe.com


သတ် စကားကစပြီး မေးလာပြီ၊ မောင်ပု ဆုံးဖြတ်ချက်မျိုး လုပ်ဦးမလို့လားကွ ဟား… ဟား…”

ဆရာကြီးက ကွမ်းပလုပ်ပလောင်းနှင့်မေး၏။ “မောင်ပု ဆုံးဖြတ်ချက်မျိုး” ဟု ဆရာကြီးက ထောက်ပြလိုက်သည်နှင့်ပတ်သက်၍ အကျယ်သိနိုင်ကြစေရန် အခြားတစ်နေရာတွင် ရှေးခေတ် နန်းရင်း၀န်ဟောင်း ဦးပုကိစ္စ သီးခြားဖတ်ရှုကြပါရန်။ ဆရာကြီးနှင့်အတူပင် အားလုံး ရယ်ရယ်မောမော ဖြစ်သွားပြီး သာစု မေးမည့်စကားကို နားစွင့်လာကြ၏။

“ဒီလိုဆရာကြီး၊ ကျွန်တော်အိပ်မက်တစ်ခုမက်တာ အဖေကလွဲပြီး တခြားလူကို မပြောဝံ့အောင် ဖြစ်ရပါတယ်။ အိပ်မက်ဆိုတာ မမက်ထိုက်တာရယ်လို့ ရှိမရှိ….အဲဒါ…”

“နေစမ်းပါဦးကွ၊ မင်းအိပ်မက်က ဘာမှန်းမသိသေးတာ ဆရာဘယ်လိုဝေဖန်လို့ ဖြစ်မှာလဲ။ အေး‥ ပြီးတော့ ဒို့တစ်တွေဟာ အချုပ်အချယ် အနှောင်အဖွဲ့တွေ ဖြေပစ်ဖို့ သခင်လုပ်နေကြတာ မဟုတ်လားကွ၊ မင်းလည်း လွတ်လွတ်လပ်လပ် ပြောပေါ့။ အကြောင်းတရားသိရမှ ဆရာလည်း ထင်မြင်ချက် ပေးနိုင်မှာပေါ့”

အလွန် ပြောချင်နေသော သာစုမှာ စကားစမည်ကြံသည်နှင့် ဖျတ်ခနဲ စိမ့်သွားသေး၏

“ကျွန်တော် တစ်ခါကအိပ်မက်မက်ပြီး တောကြီးတစ်ခုထဲ ရောက်သွားပါတယ်။ ပန်းပင်မျိုးစုံ တွေ့ရပေမဲ့ အသီးအနှံဆိုလို့ တစ်ပင်မှ မရှိဘူး၊ တောကြီးဟာ နေပြောက်မထိုးအောင် ပိတ်နေပေမဲ့ သိပ်ပူနေတယ်။ ကျွန်တော်တစ်ကိုယ်လုံး ချွေးတွေရွဲပြီး ဆာလည်း သိပ်ဆာနေပါတယ်။ ကျွန်တော်လည်း ဆက်ပြီး မလျှောက်နိုင်တော့လို့ မောမောနဲ့ လှည်းတစ်စီးစာလောက် မောင်း၀င်နိုင်တဲ့ သစ်ပင်သစ်ခေါင်းကြီးထဲဝင်

mgyoe.com

mgyoe.com

ထိုင်တော့လည်း မြေကြီးထဲက ရေနွေးငွေ့တွေလိုပဲ အခိုးအငွေ့တွေ ထွက်နေတာ တွေ့ရပေမဲ့ ကျွန်တော်ပြန်ထလို့ မရတော့ဘူး၊ ခွေခနဲ လဲသွားပါတယ်၊ နောက်မကြာခင်ပဲ လေရောမိုးရော ပြင်းပြင်းထန်ထန် ရွာချလာရာက ချက်ချင်းဆိုသလိုပဲ တစ်တောလုံး လင်းသွားပါတယ်၊ ဒါနဲ့ ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းမှာ အရောင် တဝင်းဝင်းလက်နေတဲ့ အရာဝတ္ထုတစ်ခုဟာ ကျွန်တော့်ဆီကို ရှေးရှူလာပြီး အနားရောက်တော့...''

သာခု စကားမဆက်နိုင်၊ တစ်ကြိမ်ထပ်၍ ကြက်သီးထသွားစဉ်-

''အင်း... ဆိုပါဦးကွ၊ အနားရောက်တော့...''

''ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော်ကြည့်ရင်း ကြည့်ရင်းနဲ့ အဲဒီရောင်ခြည်လုံးကြီးဟာ မြတ်စွာဘုရားဖြစ်သွားပါတယ်''

''ဟေ့...ရှပ်ပွားတော်လား''

''မဟုတ်ပါဘူး ဆရာကြီး၊ သက်ရှိပါ။ ပါးစပ်ကလည်း မိန့်တော်မူပါတယ်၊ 'ငါသည် တစ်ဆူသော ဘုရားဖြစ်သည်။ ယခု ငါ ခေတ္တလှဲလျောင်းလိုသည်၊ သင် ဒကာ တင်ပျဉ်ခွေလော့' လို့ မိန့်တော်မူတာနဲ့ ကျွန်တော်လည်း တင်ပျဉ်ခွေထိုင်ရော မြတ်စွာဘုရားဟာ ကျွန်တော့် ဘယ်ဘက်ဆောင်းမှာ ဝင်ထိုင်ပြီး ကျွန်တော်ပေါင်ပေါ်ကို လှဲအိပ်လိုက်တာနဲ့ လက်နှစ်ဖက်နဲ့ မှေးပွေ့ထားလိုက်ရာက ကျွန်တော်လက်ျာလက်ပေါ်မှာ လျောင်းရင်း ပရိနိဗ္ဗာန်ပြုသွားပါတယ်''

''ဟာ...''

ဆရာကြီးက ဤလိုရေရွတ်လိုက်ပြီး မျက်နှာသုတ်ပဝါလေးဖြင့် ချွေးသုတ်လိုက်ပြီးမှ...

''နင့် အိပ်မက်ကလည်း လူဝါးဝလှချည်လား''

ဤတွင်မူ သခင်များအားလုံး အံ့ရယ်သာ ရယ်နိုင်ကြတော့၏။

mgyoe.com

mgyoe.com

"အဲဒါ ကျွန်တော့် အဖေက ဘယ်သူ့မှ မပြောနဲ့၊ ပြောလည်းယုံမှာ မဟုတ်၊ မတန်မရာမက်ရကောင်းလားဆိုပြီး မင်းအမုန်းခံရလိမ့်မယ်ဆိုလို့"

"အင်း အေးလေကွာ၊ မင်းအိပ်မက်က ဆရာ့တစ်သက်မှာတောင် မကြုံဖူး၊ မကြားဖူးဘူး၊ ဆင်းတုရုပ်ပွားတော်မဟုတ်ဘဲ သက်ရှိဘုရားမင်းလက်ပေါ်မှာ အင်း...."

ဆရာကြီး တွေ၍ စဉ်းစားနေပြီးမှ....

"အေးပေါ့ကွာ အိပ်မက်ပဲ ဘယ်သူမဆို လွတ်လွတ်လပ်လပ်မက်ပိုင်ခွင့်ရှိတယ်၊ မမက်ထိုက်ဘူးဆိုတာလည်း မဟုတ်ဘူးကွ။ ဒါပေမဲ့ မင်းအိပ်မက်ကတော့ အင်း...တကယ်ပဲဟေ့၊ ဆရာ့ထင်မြင်ချက်ပြောရရင် သခင်ဖေသန်း မြဲမြဲမှတ်ထားပေတော့။ မင်းဘာပဲဖြစ်ဖြစ် တစ်ခုခုလုပ်မယ်ဆိုရင် ထိပ်ဆုံးက နေရလိမ့်မယ်၊ လောကုတ္တရာကိစ္စသာ ဆိုအထွတ်အထိပ်ပေါ့ကွာ"

ဤနေ့ ဤရက်ကျမှပင် အနှစ်နှစ်အလလ မျိုသိပ်ထားခဲ့ရသော အိပ်မက်ကိစ္စ ဘဝင်ကျသွားသည်။ သို့သော် ပြန်ခါနီး၌ သာဓု တစ်ယောက်တည်းကိုခေါ်၍ ဆရာကြီးက ခပ်အုပ်အုပ်လေသံဖြင့်-

"ဟေ့.... တွေ့ကရာလူတွေလည်း လျှောက်ပြော မနေနဲ့ဦးကွ....ကြားလား...."

"ဟုတ်ကဲ့ပါဆရာကြီး" ဟု ဖြေခဲ့မိသော်လည်း အဘယ်ကြောင့်ဟန့်တားလိုက်ပြန်သည်ကိုကား ယနေ့အထိ သာဓု သဘာမပေါက်နိုင်ဖြစ်နေရသေး၏။

❑

mgyoe.com

mgyoe.com



# အလုပ်နှင့် လူဝါးဝလျှင်

သိပြီးဖြစ်ကြသည့်အတိုင်းပင် ပျော့ညံ့ညံ့ ခပ်အေးအေး လေပြည်ကလေးထိုးကာ ရာထူးသည်သာ အဓိကထားနေကြသော သူ့ကျွန်ဘဝ နိုင်ငံရေးခေတ်တွင် ဂုန်းခနဲ ဒိုင်းခနဲ ရဲရဲတောက် ကြွေးကြော်သံဖြင့် "တို့ဗမာအစည်းအရုံး" ဟူ၍ ပေါ်ပေါက်လာသောအခါ နိုင်ငံရေးလောကသာမက ပဒုမ္မာအင်္ကျီတစ်ထည်၊ လင်မနစ်ထမိတစ်ကွင်း၊ ပဝါတစ်ပိုင်း၊ ပေါ်ပလင်တိုက်ပုံတစ်ဝတ်စာ၊ ခရုပလေကပ်လုံချည် တစ်ထည်နှင့် ရှပ်အင်္ကျီရလျှင် ရွေးကောက်ပွဲ မဲထည့်ရန် လိုက်တတ်ကြသော အရပ်သားလောကတွင်ပင် အပြင်းအထန် လှုပ်ရှားသွားခဲ့၏။

လေပြည်ကလေး တဖြည်းဖြည်း တိုက်ခတ်နေရာမှ မသိမသာ တအိအိပြင်းလာမည်၊ ကောင်းကင်၏ အနေအထား အသွေးအရောင်ပါ ပြောင်းလဲလာမည်ဆိုပါက ကမ္ဘာ့နည်းအရ လည်းကောင်း၊ မြန်မာ့နည်းအရ လည်းကောင်း လေမုန်တိုင်းကျမည်လော၊ လေသင်တုန်းလော၊ လေဝဲကတော့လော စသည်ဖြင့် ကြိုတင်အကဲခတ်နိုင်ကြသည်။ နောက် လေရောမိုးပါ အပြင်းအထန် တိုက်ခတ်လာသည့်တိုင်အောင် ထိတ်လန့်စိုးရွံ့မှုသည်လည်း သူ့အရှိန်နှင့် သူ ဖြစ်ခဲ့၍ အတော်အတန်ခံသာမည်။

တို့ဗမာအစည်းအရုံး ဟူ၍ ပေါ်ပေါက်လာသည်မှာကား လေမဆင်၊

mgyoe.com

mgyoe.com


အသွင်သော်မှမပြဘဲ ဒိုင်းခနဲပေါ်လာကာ မိုင်တစ်ရာနှုန်းမက ပြင်းထန်လှ
သည့် မုန်တိုင်းသဖွယ် ကြောက်ခမန်းလိလိ ရှိလှချေ၏။

မမြင်၊ မသိ၊ မကြားမိသေးသူတို့ သဘောပေါက် ခေါက်မိစေရန်
ထပ်မံဖော်ပြရသော် ထိုစဉ်အခိုက်က အုပ်စိုးကြသူ အင်္ဂလိပ်တို့အား
"အရှင်၊ သခင်" ဟု ခေါ်ဝေါ်သမုတ် လက်အုပ်ချီနေကြချိန် တို့ဗမာ
အစည်းအရုံးဝင်များက နာမည်ထိပ်တွင် "သခင်" တပ်လိုက်သောအခါ
အရှင်၊ သခင်ဟု အခေါ်ခံရသည်ကို အရသာတွေ့နေကြသော အင်္ဂလိပ်
များသည်လည်းကောင်း၊ သူတို့၏ လက်ပါးစေ ဗမာအရာရှိများသည်
လည်းကောင်း၊ အောင့်သက်သက်နှင့် ပျာယာခတ်ကုန်ကြတော့၏။
သူတို့တစ်တွေအား "သခင်"ဟု ဆက်ဆံခေါ်ဝေါ်ခြင်းကိုပင် တားမြစ်
လာကြ၏။ သခင်အမည်ကြောင့် ပွဲဦးထွက် အမြတ်ထွက်လာ၏။

"ကိုယ့်ပစ္စည်းကို ဓားပြတိုက်ခံရတဲ့အခါ မျက်နှာချိုသွေးပြီး လက်
ဖြန့်တောင်းလို့ ဘယ်တော့မှ ပြန်မရဘူး၊ တိုက်ယူရမယ်။ ခု မြန်မာ
ပြည်ကို အင်္ဂလိပ်က ဓားပြတိုက်ယူထားတယ်၊ အဲဒါဘာလုပ်ကြမလဲ"
ဟူသော တရားဟောသံသည်လည်း ကြောက်ဖွယ်အတိ ဖြစ်သွားခဲ့၏။

"နေမဝင်သော အင်ပါယာနိုင်ငံကြီး" ဟု ကမ္ဘာတစ်ဝက်ကျော်
ကို စိုးမိုးအုပ်ချုပ် မင်းလုပ်နေသော ဂျော့ဘုရင်ပုံ တံဆိပ်ခေါင်းကို
စာအိတ်တွင် ဇောက်ထိုးကပ်ကာ "ခွေးခေါင်းပြောင်းပြန် ကပ်လိုက်
သည်" ဟု စာတန်းထိုး၍ စာတိုက်မှ ထည့်လိုက်သောကြောင့် သခင်
လှမောင် အဖမ်းခံရ၏။

ထို့မျှ ပြင်းထန်စွာ နိုင်ငံရေးအားဖြင့် လှုပ်ရှား ပုတ်ခတ်လိုက်သော
ကြောင့် သခင်လှမောင်တစ်ယောက် သက်သာတော့မည်မဟုတ်၊ "ဂျပန်
သူလျှို" ဟူသော စာအုပ်ကို ဖတ်ထားဖူးသည်ဖြစ်၍ ဂျပန်များက
တရုတ်ပြည်၊ ကိုရီးယား စသည့်နိုင်ငံတို့တွင် နိုင်ငံရေးအကျဉ်းသား

mgyoe.com